ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (27-12-2007) (၅၅၄၄)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကရင်ပြည်နယ် ဘားအံမြို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၆

**ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ဘားအံမြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ပြင်ပလူနာဌာန၊ အမျိုးသားခွဲစိတ်ဆောင်၊ ခွဲစိတ်ခန်း၊ သွေးလှူဘဏ်၊ ရောဂါဗေဒဌာန၊ ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါ ခွဲစိတ်အထူးကုဆောင်နှင့် ဓာတ်မှန်ဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးဝါးကုသမှုခံယူနေသော ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။**

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ဘားအံမြို့နယ် ကော့လိုက်ကျေးရွာအုပ်စုရှိ ဆောင်းဆီထွက်သီးနှံ အထူးဇုန်အနီးယာယီမဏ္ဍပ်၌ ဆီထွက်သီးနှံစိုက် တောင်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ရှုရပ်မျှော်စင်မှ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသည့် မြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ် ကျေးရွာအုပ်စုရှိ မော်လမြိုင်စက်မှုဇုန် ရှင်းလင်းဆောင်၌ မော်လမြိုင် စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မော်လမြိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်တို့က လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် စက်မှုဇုန် လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ သွင်းကုန်အစားထိုးပစ္စည်းများကို ကုန်ကြမ်းအဆင့်မှ ကုန်ချောအဆင့်ထိ တိုးတက်ထုတ်လုပ်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် မော်လမြိုင်စက်မှုဇုန်လုပ်ငန်းမှ ထုတ်လုပ်သော ဘိုင်အိုဒီဇယ်နှင့် ဒီဇယ်ဆီသုံးမီးဖို၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖





**ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဘားအံမြို့နယ် ကော့လိုက်ကျေးရွာအုပ်စု မြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ဆီးချိုရောဂါအတွက် သောက်ဆေး အစ္စရေးပညာရှင်များတွေ့ရှိ

ဝါရှင်တန် ဒီဇင်ဘာ ၂၆

**ဆီးချိုရောဂါနှင့် နောက်ဆက်တွဲဖြစ်ပေါ်သည့် ဝေဒနာများကို ကုသရာ၌ အသုံးပြုနိုင်မည့် သောက်ဆေးတစ်မျိုးကို အစ္စရေးနိုင်ငံ ဟိုင်ဖာတက္ကသိုလ်မှ သုတေသီများက စမ်းသပ်တွေ့ရှိကြောင်း ဒီဇင်ဘာ ၂၄ ရက်တွင် ထွက်ပေါ်လာသည့် မီဒီယာသတင်းများက ဖော်ပြသည်။**

စမ်းသပ်ရှာဖွေတွေ့ရှိသော ဆီးချိုရောဂါကုဆေးဝါးကို ဂျီတီအက်ဖ် (GTF)ဟု ခေါ်တွင်ပြီး ယင်းကို တဆေးမှ ထုတ်ယူထားခြင်းဖြစ်သည်။

သုတေသီများသည် ဆီးချိုရောဂါရှိနေသော ဓာတ်ခွဲခန်းသုံးကြွက်ငယ်များကို ဂျီတီအက်ဖ်ဆေးပေး၍ စမ်းသပ်ရာ ထိုသတ္တဝါငယ်များ၏ သွေးအတွင်း သကြားဓာတ်နှင့် အဆီဓာတ်တစ်မျိုးဖြစ်သည့် လစ်ပစ်ဓာတ်များ လျော့ပါးသွားသည်ကို တွေ့ရသည်ဟုဆိုသည်။

နောက်တစ်ဆင့်၌ သုတေသီများသည် ဂျီတီအက်ဖ်ဆေးဝါးကို လူသားများအပေါ်တွင် ထိရောက်မှု ရှိ၊ မရှိ စမ်းသပ်သွားရန်ရှိကြောင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

**သာသာယာယာ**

**နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

# ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ "ကမ္ဘာ့ရုပ်ရှင်နေ့"အထိမ်းအမှတ် ဟောပြောပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဟောပြောပွဲတွင် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ၊ စာရေးဆရာကြည်စိုးထွန်းက ရုပ်ရှင်မွေးဖွားလာခြင်းအကြောင်းကို ဟောပြောပြီး စတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားအချို့မှ ပြကွက်များကို ထုတ်နုတ်ပြသ၍ အနုပညာပိုင်း၊ တည်းဖြတ်မှုပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နားထောင်နိုင်ကြောင်း၊ ၁၈၉၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရုပ်ရှင်စတင်ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ၂၀၀၈ခုနှစ်အတွက် ပြက္ခဒိန်များကို စတင်ဖြန့်ချိနေပြီဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၂၇–၁၂–၂၀၀၇
(ကြာသပတေးနေ့)

# အရည်အသွေးကောင်း အဆင့်မီ ကော်ဖီတိုးချဲ့စိုက်ပျိုး

ပြည်ပဈေးကွက်ဝင် ကော်ဖီပင်သည် စိုက်ပျိုးသူတောင်သူများအတွက် ဝင်ငွေလည်းတိုး ရေရှည်အကျိုးဖြစ်ထွန်းနိုင်သည့် သီးနှံဖြစ်သည်။ ကော်ဖီပင်သည် ပျမ်းမျှအပူချိန် ၂၀ ဒီဂရီ စင်တီဂရိတ်ဝန်းကျင်ရှိ သမအေးပိုင်း ရာသီဥတုမျိုးကို နှစ်သက်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေလေးထောင်ကျော်တွင် အောင်မြင်ဖြစ်ထွန်းသော နှစ်ရှည်သီးနှံပင်မျိုးဖြစ်သည်။

အေးမြသောရာသီဥတု၊ သစ်ပင်တောအုပ် အရိပ်ရပင်များအောက်တွင် အများဆုံးဖြစ်ထွန်းသော ကော်ဖီပင်များကို ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်တို့တွင် အများအပြား စိုက်ပျိုးလျက်ရှိသည်။ ရှမ်းပြည်နယ် ရပ်စောက်၊ ပင်းတယ၊ ပင်လောင်း၊ ဟိုပုံးနှင့် တောင်ကြီးမြို့နယ်ကျေးရွာများတွင်လည်း ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးနေကြပြီ ဖြစ်သည်။

ပြင်ဦးလွင်၊ နောင်ချို၊ ရွာငံ၊ ရပ်စောက်တို့ကို ကော်ဖီစီမံကိန်းနယ်မြေအဖြစ် သတ်မှတ်ထားသည်။ နှစ်ပေါင်းများစွာ ကော်ဖီစိုက်ပျိုးခဲ့သည့် အတွေ့အကြုံဖြင့် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်သည်။ ကော်ဖီသီးနှံ မျိုးကောင်းမျိုးသန့်များကို အသုံးပြုပြီး နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးပါက နှစ်အနည်းငယ်အတွင်း အရင်းလည်းကျေ၊ အကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၉၈ ခုနှစ်က ကော်ဖီစိုက်ဧက တစ်သောင်းလေးထောင်ကျော်သာ ရှိခဲ့သော်လည်း ယခုအခါ စိုက်ဧက ငါးသောင်းကျော်ရှိလာပြီး ကော်ဖီစေ့ မက်ထရစ်တန်ချိန် လေးထောင်ကျော်ထွက်ရှိသည်။ ပြည်တွင်း စားသုံးရုံသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်တို့အတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဧကတစ်သိန်းကျော်မြေယာဖော်ထုတ်ပေးထားပြီးဖြစ်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးပမ်းမှုဖြင့် ကော်ဖီခြံကြီးများကို တွေ့နေရပြီဖြစ်သည်။ စိုက်ပျိုးရေးပညာရှင်များက ကော်ဖီစိုက်ပျိုးပြုစုရေးနည်းပညာသင်တန်းများ၊ ဟောပြောပို့ချခြင်းများနှင့် လက်တွေ့ကွင်းဆင်း ပြသကူညီခြင်းများကြောင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသည်။

ယခုအခါ ကော်ဖီပင်များကို ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အခြားသော ပြည်နယ်နှင့်တိုင်းများတွင်လည်း စိုက်ပျိုးလျက်ရှိရာ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးစရိတ်နှင့် ရေရရှိရေး ဖြည့်ဆည်းပေးခြင်း၊ လုပ်ငန်းရှင်များနှင့် တောင်သူများ၏ ဝီရိယစိုက်ထုတ်ကြိုးပမ်းစိုက်ပျိုးကြခြင်းတို့ကြောင့် ရေရှည်အကျိုးရှိသည့် အရည်အသွေးကောင်း ကော်ဖီသီးနှံများ ပိုမိုတိုးချဲ့ စိုက်ပျိုးထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ ။



ရေနံချောင်းမြို့ အမှတ်(၁)အထကတွင် ဆရာတော် အရှင်ဆန္ဒာဓိကမ,တည်လှူဒါန်း ဆောက်လုပ်သော ရွှေပါရမီကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့မှ ဗိုလ်မှူးကြီး တင်စိုး(ငြိမ်း)–ဒေါ်ကေသွယ်ခင်က လှူဒါန်းငွေကျပ် နှစ်သိန်းကို ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီအတွင်းရေးမှူး ကပ္ပတိန်ဦးဌေးမြင့်ထံ ပေးအပ်စဉ်။
(က–ပ)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဇီဝိတဒါန သံဃာ့ဆေးရုံ ဇေတဝန်ဆောင် ခြောက်ထပ်ဆေးရုံ အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဇေတဝန်ဆောင် ခြောက်ထပ် ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့ တက်ရောက်ချီးမြှင့်ကြသည်။





ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဇေတဝန်ဆောင် ခြောက်ထပ်ဆေးရုံ အဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဇီဝိတဒါနသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်တို့က ဇေတဝန်ဆောင် ခြောက်ထပ်ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဇေတဝန်ဆောင် ခြောက်ထပ်ဆေးရုံအဆောက်အအုံသစ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့်ဧည့်သည်တော်များသည် အဆောက်အအုံသစ်အတွင်း ပြင်ပလူနာဌာန (လူပုဂ္ဂိုလ်)၊ မျက်စိကုသဌာနတို့ကို လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသောသံဃာတော်များအား ဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဆုချီးမြှင့်**

ဒီဇင်ဘာ ၂၅ ရက်က မြိတ်အသင်း(ရန်ကုန်)၏ ၂၀၀၇–၂၀၀၈ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ယုဇနပလာဇာရှိ ယုဇနခန်းမ၌ကျင်းပရာ မြိတ်ဂုဏ်ဆောင် ဘက်စုံထူးချွန်ဆုရ မအေးမြတ်သူ (အထက–၂၊ လသာ) အား မြိတ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးဌေးမြင့် ဆုချီးမြှင့်စဉ်။
(ကြေးမုံ)





ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် နန္ဒဝန်လမ်းနေ ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ သမီးဒေါ်တင်ကြည် အသက်(၇၀)ပြည့် မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးစိုးနိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဒလမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က ကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်း တက္ကသိုလ်ဝင်တန်း၌ လေးဘာသာ ဂုဏ်ထူးရ မရူပါကျော်လွင်အား ဆုချီးမြှင့်စဉ်။
(၅၇)



# မဟာဆေးဝက်ပါ ကျောင်းတိုက် စေတီတော်များ ရွှေသင်္ကန်းကပ်လှူမည်

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ မဟာဆေးဝက်ပါ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မကြီးမှူး၍ ကျောင်းတိုက်အတွင်းရှိ ကပ်ကျော်လာဘ်ခေါ် အမြတ်ပေါ် စေတီတော် ၁၂၆ ဆူကို တစ်ဆူလျှင် ကျပ် ၃၆၀၀၀ ဖြင့် ရွှေသင်္ကန်း ဆက်ကပ်ပြီး ရန်ပြေ၊ မာန်ပြေ စေတီ ၃၃ ဆူတို့ကို တစ်ဆူလျှင် ကျပ် ၄၅၀၀၀ ဖြင့် ဆေးသုတ်ရွှေချခြင်းနှင့် သာသနိက အဆောက်အအုံများအား ရေဆေးသုတ် လှူဒါန်းမည်ဖြစ်ရာ အလှူရှင်များ ဖုန်း–၆၄၀၃၆၉ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)

## နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




နေပြည်တော် မြို့တော်ခန်းမ ဓာတ်ပုံ-ဦးကိုကိုနိုင်(IPRD)

❖ **ရွှေဖုံးမှ**

ရော်ဘာကြိတ်စက်များ၊ ဂေါက်ကွင်းသုံး မြက်ရိတ်စက်၊ သံဆန်ခါအမျိုးမျိုး၊ ဘက်ထရီနှင့် ကွန်ပေါင်းပစ္စည်းများ၊ လွန်သွားများ၊ ပေါက်ပြားများ၊ ငါးဖမ်းပိုက်ဘောများ၊ နိုင်လွန်ကြိုးများ၊ ဓာတ်မြေသြဇာနှင့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဗိုလ်ချုပ်သာအေးသည် King ရော်ဘာကြိတ်စက်ရုံ၊ သီဟမုန်သုံးဘီးဆိုင်ကယ်ထုတ်လုပ်ရေး၊ ရွှေမြိုင်မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် EFR ခရမ့်ရော်ဘာ သန့်စင်စက်ရုံများသို့ သွားရောက်ပြီး ကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ **ဆီးချိုရောဂါမှ**

ဖော်ပြပါစမ်းသပ်မှုကို ဦးဆောင်သူ ပညာရှင် နက်ဆာမာစကီးက ပြောကြားသည်။

လူ့ခန္ဓာကိုယ်အတွင်း အင်ဆူလင်ဓာတ်နည်းပါးလျှင် သို့မဟုတ် ခန္ဓာကိုယ်ကထုတ်ပေးသော အင်ဆူလင်ဓာတ်ကို ကိုယ်တွင်းအင်္ဂါများက ကောင်းစွာအသုံးချနိုင်စွမ်းမရှိလျှင် ဆီးချိုရောဂါရနိုင်သည်။ အဆိုပါရောဂါသည် နာတာရှည်ရောဂါဖြစ်ပြီး ကျောက်ကပ်နှင့်နှလုံးကို နောက်ဆက်တွဲ ဒုက္ခပေးနိုင်ပြီး လေဖြတ်ခြင်းနှင့် မျက်စိကွယ်ခြင်းတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## သတိပေး နှိုးဆော်ချက်

**၁။ ရန်ကုန်မြို့ကို သာယာလှပစေပြီး ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။**

**၂။ ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့် ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ တံတားများ၊ မီးလုံးမီးဆိုင်းများနှင့် အခြားလိုအပ်သော ပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။**

**၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့် ပစ္စည်းများကို နှစ်သစ်ကူး ကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ စည်းကမ်းမဲ့သော ပြည်သူအချို့က အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ-၆(၁)အရ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် တရားခံ ၁၀ဦး၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် တရားခံ သုံးဦးတို့အား ထိရောက်သော ပြစ်ဒဏ်များ ချမှတ်၍ အရေးယူခဲ့ရပါသည်။**

**၄။ ထို့ကြောင့် ၂၀၀၇ ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးစေတီလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများ၊ ကန်တော်ကြီးဥယျာဉ်နှင့် ပြည်သူလူထုအပန်းဖြေရန် ဆောက်လုပ်ထားသည့် ဥယျာဉ်၊ ပန်းခြံများကို နေ့စဉ် နံနက် ၄နာရီမှ ည ၉နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။**

**၅။ ထိုနည်းတူ ရန်ကုန်မြို့ သာယာလှပစေရေးအတွက် ပြည်သူများ အပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် အခြားသောနေရာများရှိ ပန်းခြံများ၊ လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံးမီးဆိုင်းများ၊ ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

## ဝန်ကြီး ဦးအောင်ကြည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၆

**အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ မွန်ပြည်နယ် မော်လမြိုင်၊ သထုံ၊ ကျိုက်ထို၊ မုဒုံ၊ သံဖြူဇရပ်မြို့နယ်များနှင့် ကရင်ပြည်နယ် ဘားအံမြို့ရှိ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ရုံးများ၊ လူမှုဖူလုံရေးအဖွဲ့ ဆေးပေးခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအားတွေ့ဆုံ၍ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရေး၊ အလုပ်သမားရပိုင်ခွင့်များ ဆောင်ရွက်ပေးရေး၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ဆောင်ရွက်ပေးရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေးနှင့် တာဝန်သိသိ သစ္စာရှိရှိဖြင့် လုပ်ငန်းတာဝန်များကို ကြိုးစားလုပ်ကိုင်ကြရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**

ထို့အပြင် ဝန်ကြီးသည် ဒီဇင်ဘာ ၂၂ ရက်တွင် မော်လမြိုင်စက်မှုဇုန် အစည်းအဝေးခန်းမ၌ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ အလုပ်ရှင်နှင့်အလုပ်သမား ကိုယ်စားလှယ်များအား တွေ့ဆုံ၍ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းသာယာရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လုပ်ငန်းခွင်ဆက်ဆံမှုကောင်းမွန်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အလုပ်သမားများ အလုပ်သမားဥပဒေပါအတိုင်း အကျိုးခံစားခွင့်များ ရရှိစေရေး၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ လုပ်ငန်းခွင်ဆက်ဆံရေး၊ ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ထို့နောက် ဝန်ကြီးသည် စက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ ထုတ်လုပ်သော စက်ကိရိယာပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



### ကြည့်ရှုစစ်ဆေး

**အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည် မော်လမြိုင်စက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများမှ ထုတ်လုပ်သော စက်ကိရိယာပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## မျက်စိအထူးကုအဖွဲ့ သံတွဲနှင့် တောင်ကုတ်မြို့သို့သွားရောက် လူနာ ၁၈၀ အား အခမဲ့ ခွဲစိတ်ကုသပေး

ရန်ကုန် ဒီဇင်ဘာ ၂၆

**ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဦးကံညွန့်၊ပါမောက္ခ ဒေါက်တာဦးကိုကိုတင် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ရခိုင်ပြည်နယ် သံတွဲနှင့် တောင်ကုတ်မြို့နယ်တို့သို့ သွားရောက်၍ မျက်စိဝေဒနာရှင် ၁၈၀ အား အခမဲ့ ကြည့်ရှုခွဲစိတ်ကုသပေးခဲ့ကြသည်။**



အဆိုပါအဖွဲ့၌ မျက်စိဆရာဝန်လေးဦး၊ သူနာပြုလေးဦး စုစုပေါင်း ရှစ်ဦး ပါဝင်၍ ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သံတွဲမြို့၌ ပြင်ပလူနာ ၃၈၄ ဦးနှင့် အတွင်းတိမ်လူနာ ၆၂ ဦးအား ခွဲစိတ်ကုသပေးခဲ့ကြပြီး ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ရက်တို့တွင် တောင်ကုတ်မြို့၌ ပြင်ပလူနာ ၁၂၀၀နှင့် အတွင်းတိမ်လူနာ ၁၁၈ ဦးတို့အား အခမဲ့ ကြည့်ရှုခွဲစိတ်ကုသပေးခဲ့ကြသည်။

ထိုသို့ခွဲစိတ်ကုသရာတွင် အသုံးပြုသည့် မှန်ဘီလူးနှင့် ဆေးဝါးအချို့ကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မျက်မမြင်ကာကွယ်ရေးနှင့် မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးဌာနမှလည်းကောင်း၊ အထွေထွေပံ့ပိုးကူညီမှုများကို ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှ ကုန်သည်ကြီး ဦးကျောက်တောင်၊ သံတွဲမြို့ ငပလီကမ်းခြေ Silver Beach Hotel ပိုင်ရှင် ဦးကြည်လင်း၊ Mother Trading ကုမ္ပဏီမှ ဦးအောင်မြတ်နှင့် ယာဉ်ပစ္စည်းရောင်းဝယ်ရေးမှ ဦးဝင်းဆွေတို့က ကူညီပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးကံညွန့် မျက်စိဝေဒနာရှင်များအား စမ်းသပ်ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ၂၀၀၈ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ငါးသန်း တိဘက်ဒေသသို့ လာရောက်မည်ဟု မျှော်မှန်း

**လာဆာ ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိဘက်ဒေသသို့ ၂၀၀၈ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ငါးသန်းထက်မနည်း အလည်အပတ် လာရောက်မည်ဟု ခန့်မှန်းကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။ တိဘက်ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ညွှန်ကြားရေးမှူး ကျင်ရှီရွှန်းက ၂၀၀၈ ခုနှစ်တွင် တိဘက်ဒေသသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ၂၅ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းကြောင်း ပြောကြားသည်။

တိဘက်ဒေသသို့ ကမ္ဘာလှည့်ခရီးသည် တိုးတက်လာရောက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဝင်ငွေ ယွမ် ၆ဘီလီယံ (အမေရိကန်ဒေါ်လာသန်း၈၀၀)ခန့် ရရှိရန် လျာထားသည်။

ယခုနှစ် ယခုအချိန်အထိ တိဘက်ဒေသရှိ ပိုတာလာနန်းတော်သို့ အလည်အပတ်လာရောက်သူ တစ်သန်းကျော်ရှိခဲ့ကြောင်း၊ ယင်းနန်းတော်သည် ဗိသုကာ လက်ရာမြောက်လှသည့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ၌ ပါဝင်ကြောင်း သိရသည်။

လူဦးရေ ၂ ဒသမ ၈ သန်းနေထိုင်ရာ တိဘက်ဒေသ၏ ပင်မစီးပွားရေးလုပ်ငန်းမှာကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# ပျောက်ဆုံးနေသည့် ကလေးငယ်အတွက် ဗီဒီယိုတိပ်ခွေမှတစ်ဆင့် မေတ္တာရပ်ခံ

**လန်ဒန် ဒီဇင်ဘာ ၂၅**

ဗြိတိန်နိုင်ငံမှ မယ်ဒလိန်းမက်ကင်း အမည်ရှိ ပျောက်ဆုံးလျက်ရှိသည့် မိန်းကလေးငယ်၏ မိဘနှစ်ပါးသည် ၎င်းတို့၏သမီးလေးကို ပြန်လည်တွေ့ရှိနိုင်ရေးအတွက် အကူအညီပေးကြရန် ဗီဒီယိုတိပ်ခွေမှတစ်ဆင့် စနေနေ့က မေတ္တာရပ်ခံလိုက်သည်။

မက်ကင်းသည် အသက်လေးနှစ်ပြည့် မွေးနေ့ပွဲမတိုင်မီ လွန်ခဲ့သည့် ခုနစ်လက ပေါ်တူဂီနိုင်ငံရှိ အပန်းဖြေစခန်းတစ်နေရာမှ ပျောက်ဆုံးသွားခဲ့သည်။ အပန်းဖြေစခန်းထွက်လာခဲ့ကြသော မက်ကင်း၏ မိသားစုသည် ပရေဒါလုဇ် အပန်းဖြေစခန်းမြို့ရှိ စားသောက်ဆိုင်တွင် မိတ်ဆွေအပေါင်းအသင်းများနှင့်အတူ ညစာစားနေစဉ် ကလေးကို ပြန်ပေးဆွဲသွားခဲ့ဖွယ်ရှိသည်ဟု ၎င်း၏ မိဘနှစ်ပါးက ယုံကြည်လျက်ရှိသည်။

မက်ကင်း ပျောက်ဆုံးသွားသည့် သတင်းများကို ဗြိတိသျှမီဒီယာများတွင် မကြာခဏ ဖော်ပြနေကြပြီး ဗြိတိသျှသတင်းစာများတွင် ရှေ့မျက်နှာဖုံးမှ ရေးသားဖော်ပြနေကြသည်။

**အမ်အင်အေ၊ရိုက်တာ။**






ကာဇက်စတန်နိုင်ငံအနောက်ဘက် ကက်စပီယံပင်လယ်ပြင်ရှိ ကာရှာဂန် ရေနံမြေမှ ကမ်းလွန်ရေနံတွင်းတူးစင်ကို ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# တူရကီလက်နက်ကိုင်တပ်ဖွဲ့ သတင်းအချက်အလက်ရရှိရေး ထောက်လှမ်းရေးဂြိုဟ်တု အသုံးပြုမည်ဟုဆို

**အင်ကာရာ ဒီဇင်ဘာ ၂၅**

တူရကီ လက်နက်ကိုင်တပ်ဖွဲ့သည် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေး သတင်း အချက်အလက်များရရှိနိုင်ရန် ထောက်လှမ်းရေးဂြိုဟ်တုကို အသုံးပြုမည်ဖြစ်ကြောင်း အင်နာတိုလီယာ သတင်းဌာနက ဒီဇင်ဘာ ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

တူရကီစစ်ဘက်သုံး ဂြိုဟ်တုစနစ်အတွက် ဂေါ့ခ်တာ့ခ်စီမံကိန်းဟု အမည်ပေးထားသော စီမံကိန်းတစ်ရပ်ကို အမေရိကန်ဒေါ်လာ သန်း ၂၀၀ခန့် အကုန်အကျခံ၍ အကောင်အထည်ဖော်ခဲ့ရာ သုံးလအတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဂေါ့ခ်တာ့ခ်စီမံကိန်းအရ စစ်ဘက်ထောက်လှမ်းရေး လုပ်ငန်းအတွက် ဂြိုဟ်တုဓာတ်ပုံများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။စစ်ဘက်ထောက်လှမ်းရေးဂြိုဟ်တုကို အသုံးပြုခြင်းဖြင့် တူရကီနိုင်ငံ၏ နယ်စပ်ဒေသများအတွင်းသို့ ကာ့ဒ်သူပုန်များ စိမ့်ဝင်ထိုးဖောက်မှုမှ တားဆီးပေးနိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်း လက်ထောက်ဝန်ကြီး မူရက်ဘေယာက ပြောကြားသည်။

အဆိုပါဂြိုဟ်တုစနစ်ကို အသုံးပြု၍ အရပ်ဘက်လုပ်ငန်းသုံး သတင်းအချက်အလက်များရယူသည့်လုပ်ငန်းကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သစ်တောထိန်းသိမ်းရေး၊ သဘာဝကပ်ဘေးများမှ ကြိုတင်ကာကွယ်ရေး၊ ပထဝီဝင် မြေပုံသတင်း အချက်အလက်များထုတ်လုပ်ရေး စသည့်လုပ်ငန်းများ၌ ဂြိုဟ်တုဓာတ်ပုံများကို ရယူအသုံးပြုနိုင်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# အိန္ဒိယလေတပ်မှ လေယာဉ်တစ်စင်း လေယာဉ်ပြေးလမ်းမှချော်ပြီး မြောင်းထဲကျ

**နယူးဒေလီ ဒီဇင်ဘာ ၂၅**

အိန္ဒိယလေတပ်မှ လေယာဉ်တစ်စင်းသည် နိုင်ငံအရှေ့ပိုင်း လေဆိပ်တစ်ခုမှ စတင်ထွက်ခွာစဉ် ပြေးလမ်းချော်ကျခဲ့ကြောင်း၊ လေယာဉ်မှူးမှာ မီးလောင်ဒဏ်ရာ အနည်းငယ်ရရှိသော်လည်း အသက်ဘေးမှ လွတ်မြောက်သွားကြောင်း ဟိန္ဒူသတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားသည်။

ဆာဗာကီရန်အမည်ရှိ စစ်လေယာဉ်သည်လေဆိပ်တွင် ဆီဖြည့်ပြီးနောက် စတင်ထွက်ခွာစဉ် လေယာဉ်ပြေးလမ်းမှ လမ်းချော်ပြီး မြောင်းအတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်သည်။

ဩရိဿပြည်နယ် ဘူဘန်နက်ရှ်ဝါးမြို့ရှိ ဘီကျူပက်နစ်လေဆိပ်တွင် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ လေယာဉ်တစ်စင်းလုံး မီးလောင်ကျွမ်းသွားပြီး လေယာဉ်အစိတ်အပိုင်းများ မီတာ ၃၀မှ ၄၀ ပတ်လည်အထိ ပြန့်ကျဲသွားခဲ့သည်ဟုသတင်းစာကရေးသားသည်။ပျက်ကျခဲ့သည့် လေယာဉ်သည် ကာလိတ်ကွန်ဒါမှ ဗစ်ရှ်ဟာခါပက်နမ်မြို့သို့ အသွားလမ်းခရီးတွင် ဆီဖြည့်ခဲ့သော လေယာဉ်တစ်စင်းဖြစ်သည်။

လေယာဉ်မှူး ရာဂျက်တိုင်တာဂျီမှာ ခြေထောက် နှစ်ဖက်စလုံးတွင် မီးလောင်ဒဏ်ရာ အနည်းငယ်စီရရှိခဲ့ကာ ဆေးကုသမှုခံယူနေသည်ဟု ရဲတပ်ဖွဲ့မှ ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**



အီရန်နိုင်ငံ တီဟီရန်မြို့တောင်ဘက် ၇၅၅ မိုင်အကွာရှိ တည်ဆောက်ဆဲ အဏုမြူဓာတ်ပေါင်းဖိုကို ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ဆစ်ဒ်မုန်တိုင်းကြောင့် ဘင်္ဂလားဒေ့ရှ်တွင် ပြည်သူတစ်သန်းကျော် ခိုလှုံရာမဲ့နေ

**ဒါကာ ဒီဇင်ဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တ ငါးပတ်ခန့်က ဆိုင်ကလုန်းဒဏ်ခံခဲ့ရသော မြေနိမ့်ကမ်းခြေဒေသရှိ ပြည်သူတစ်သန်းကျော်သည် ခိုလှုံစရာနေရာမရှိဖြစ်နေကြောင်း နိုင်ငံတကာကြက်ခြေနီ အသင်းက ပြောကြားသည်။

**သေဆုံး**

ဆစ်ဒ်ဆိုင်ကလုန်းမုန်တိုင်းသည် နိုဝင်ဘာ ၂၅ ရက်က တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ နှုန်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်ခဲ့ရာ ပြည်သူ ၃၃၀၀ ကျော် သေဆုံးခဲ့ရသည်။

စားဝတ်နေရေးအခြေခံ လိုအပ်ချက် မပြည့်စုံသူဦးရေ တစ်သန်းကျော် ရှိကြောင်း နိုင်ငံတကာကြက်ခြေနီအသင်းနှင့် လခြမ်းနီလူမှုရေးအဖွဲ့တို့က ပြောကြားသည်။

ဆစ်ဒ်မုန်တိုင်းကြောင့် ပျက်စီးမှုပမာဏနှင့် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုတို့ကို နှိုင်းယှဉ်လေ့လာရာ မှ အခြေခံလိုအပ်ချက်ပင် မပြည့်စုံသူများ ရှိနေကြောင်း သိရှိလာရခြင်းဖြစ်သည်ဟု နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က ဒီဇင်ဘာ ၂၁ ရက်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၉၁ ခုနှစ်၌ ဆိုင်ကလုန်းမုန်တိုင်း ကျစဉ်က သေဆုံးခဲ့သူ ဦးရေ ၁၄၃၀၀၀ ရှိခဲ့သည်။ ယခုဆစ်ဒ်မုန်တိုင်းတွင် သေဆုံးသူဦးရေ နည်းပါးသော်လည်း မုန်တိုင်းကြောင့် အိုးအိမ်မဲ့ရသူပေါင်းမှာ ၁ ဒသမ ၅သန်းကျော်ရှိကြောင်း အစိုးရစာရင်းအင်းများတွင် ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ။**



ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒွန်စကီးမြို့၌ ပြုလုပ်သည့် ပွဲတော်တစ်ခုတွင် ရိုးရာဝတ်စုံ ဝတ်ဆင်ထားသူများအား ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# ထိုင်းနိုင်ငံမှ ဓာတ်ငွေ့ရည် အင်ဒိုနီးရှား ဝယ်ယူမည်

**ဂျကာတာ ဒီဇင်ဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံပိုင်ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်သည့် ပီတီပါတာမီနာက မီးဖိုသုံး ဓာတ်ငွေ့ရည်(အယ်လ်ပီဂျီ) ကီလိုဂရမ်ဘူးများကို ထိုင်းနိုင်ငံမှ လာမည့်နှစ်တွင် စတင်ဝယ်ယူတင်သွင်းတော့မည်ဖြစ်သည်။

ထိုင်းနိုင်ငံမှ အယ်လ်ပီဂျီဘူးနှစ်သန်းခန့်ကို လာမည့်နှစ်အတွင်း ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဝယ်ယူသွားမည်ဟု ပါတာမီနာကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူဝစ်စနန်တိုရိုက ပြောကြားသည်။

ပါတာမီနာက ၂၀၀၈ခုနှစ် ဇန်နဝါရီလအတွင်း ဝယ်ယူတင်သွင်းမည်ဟု အန်တာရာဌာနက ပြောရေးဆိုခွင့်ရှိသူကို ကိုးကား၍ ဖော်ပြသည်။

အင်ဒိုနီးရှားအစိုးရ၏ ရေနံမှ သဘာဝဓာတ်ငွေ့ပြောင်းလဲအသုံးပြုရေး အစီအစဉ်အရ အယ်လ်ပီဂျီကို ဝယ်ယူရခြင်းဖြစ်သည်ဟု ဆိုသည်။

အင်ဒိုနီးရှား မိသားစုအများစုသည် ရေနံဆီကို ချက်ပြုတ်ရာတွင် အသုံးပြုကြပြီး တစ်လီတာလျှင် ရူပီးယား ၂၀၀၀ဖြင့် ဝယ်ယူနေကြသည်ဟု သိရသည်။

**အမ်အင်အေ၊ရိုက်တာ။**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လှေလှော်ပြိုင်ပွဲဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) လှေလှော်ပြိုင်ပွဲဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် တပ်မတော်လှေလှော်ရွက်တိုက်အသင်း (အင်းလျားကန်)၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေ ဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စားရေဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် ၂၀၀၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လှေလှော်ပြိုင်ပွဲ အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## ဗိုလ်လုပွဲကျင်းပ

ထို့နောက် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ အပြည်ပြည်ဆိုင်ရာလှေ တံခွန်စိုက်ဒိုင်းဆုနှင့် မြန်မာ့ရိုးရာ လှေတံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းက လည်းကောင်း၊ ကနူးကယက်လှေ တံခွန်စိုက်ဒိုင်းဆုကို အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက လည်းကောင်း ဆွတ်ခူးရရှိကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသောအသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၇ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ) လှေလှော်ပြိုင်ပွဲ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသွားသောကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

# ပညာရေးစုံညီပွဲတော်

နိုင်ငံတစ်ဝန်းလုံးရှိအခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲကြစို့။

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် မှ ၃ ရက်

**SCHOOL FAMILY DAY**

**1- 3 January, 2008**

**အထက(၁)တာမွေ (၁၉၇၂-၇၃) ဝန်းကျင် ကျောင်းသူကျောင်းသား ဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ပင်လုံခန်းမတွင် ကျင်းပရာ အသက်(၉၄)နှစ်အရွယ်ရှိ ဆရာမကြီးဒေါ်လှတင်အား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဂါရဝပြုလက်ဆောင်ပစ္စည်း ပေးအပ်ကြစဉ်။** (ဝဇ)





# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁၂-၂၀၀၇ (ကြာသပတေးနေ့)**

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "ဗုဒ္ဓဘာသာတို့၏ငြိမ်းချမ်းရေးပန်းတိုင်"တရားတော် (ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ) |
| ၇း၅၀-၁း၅၀ | နိဗ္ဗာန်ဆီသို့---အမေးအဖြေများ |
| ၈း၁၅-၂း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀-၂း၂၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၀-၂း၅၀ | မျိုးဆက်ပွားကျန်းမာရေးနှင့် အနာဂတ်ကမ္ဘာ(ပထမပိုင်း) (ဒေါက်တာခင်မောင်လွင်) |
| ၉း၁၀-၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀-၃း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅-၃း၂၅ | သွားမယ်စားမယ် (Monsoon Restaurant) |
| ၉း၅၀-၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅-၃း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀-၄း၀၀ | မိသားစုအပန်းဖြေရာပျော်စရာကမ္ဘာ |
| ၁၀း၁၅-၄း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၀-၄း၂၀ | သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း-၂၁) |
| ၁၀း၄၀-၄း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅-၄း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅-၄း၅၅ | **လုံလုံလုံ (ဖိုးညဏ်၊မေကဗျာ၊ဖြိုးသီရိခေတ်) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)** |
| ၁၁း၀၀-၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅-၅း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၀-၅း၁၀ | Celebrity Profile (Britney Spears) |
| ၁၁း၄၅-၅း၄၅ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း) |
| ၁၂း၀၅-၆း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀-၆း၁၀ | တိုးတက်ခေတ်မီလာသော လုံခြုံရေးနည်းစနစ်များ |
| ၁၂း၂၅-၆း၂၅ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ (မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်) |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**English Premier League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Man City-Black Burn | ESPN(Live) |

# မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဒီဇင်ဘာ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် မြန်မာနိုင်ငံဂေါက်ကွင်း (၉)မိုင်၌ ကျင်းပမည် ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲနှင့်ဓာတ်ပုံပြပွဲများ ရန်ကုန်အရှေ့ပိုင်းခရိုင်၌ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲများကို ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းမြို့နယ် အမက(၁)၌ သဃ်န်းကျွန်းမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်မော်က လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

အလားတူဟောပြောပွဲ၊ ပြပွဲများကို ဒီဇင်ဘာ ၁၇ ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၁၃)၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်က ဒေါပုံမြို့နယ် အမက(၁၁)၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် အမက(၄)၌လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမက(၁၀)၌လည်းကောင်း၊ သာကေတမြို့နယ် အလက(၆)နှင့် အမက(၁၅)တို့၌လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်က ရန်ကင်းမြို့နယ် အလက(၅)၌လည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အထက(၃)၌လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် အလက(၅)၌ လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အမက(၆)၌လည်းကောင်း ၊ မြောက်ဥက္ကလာပ မြို့နယ် အထက(၂)၌လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် အလက(၁)၌ လည်းကောင်း ကျင်းပခဲ့သည်။ (ခရိုင်ပြန်/ဆက်)

**နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ် (W) ဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အောင်သစ္စာဘုရားရှေ့ ဘောလုံးကွင်း၌ကျင်းပရာ ရွှေနံ့သာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း အမှာစကားပြောကြားစဉ်။** (က-ပ)



# ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ရက်ပြောင်းရွှေ့ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၀၇ခုနှစ် ပထမအကြိမ်(နေပြည်တော်) ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၉ရက်(စနေနေ့)နံနက် ၇နာရီခွဲအစား ဒီဇင်ဘာ ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲသို့ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မိုးပေါ်ခုန်တက် ကလိုက်ချင်ပါတယ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ၌ ဆက်လက်ပြသမည်

ကြေးမုံ ရုပ်ရှင်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ယခုသောကြာပတ်ဒီဇင်ဘာ၂၈ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ ဒီဇင်ဘာ ၂၁ ရက်က ရုံတင်ပြသသည့် **"မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်"** မြန်မာဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

ဇာတ်ညွှန်း အကယ်ဒမီဆုရှင် ငြိမ်းမင်း၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင် ရိုက်ကူးသည့် **"မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်"** ဇာတ်ကားမှာ မတူညီသောဘဝနှစ်ခု ပေါင်းစပ်ပြီး အချစ်ကိုဦးစားပေး၍ ဘဝကြင်ဖော်ဖြစ်ခဲ့သူနှစ်ဦး၊ အမြွှာသမီးနှစ်ဦးရရှိပြီး ကွဲကွာခဲ့ကြရာမှ မိဘတစ်ဦးစီထံ သမီးတစ်ဦးစီပါသွားခဲ့ကြပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ဖခင်ထံပါသွားသောသမီးမှာ ရိုးရာဂီတသမားတစ်ဦးနှင့် မေတ္တာမျှခဲ့ပြီး မိခင်ထံပါသွားခဲ့သော သမီးတစ်ဦးမှာ ခေတ်ပေါ်အဆိုတော်တစ်ဦးနှင့် မေတ္တာမျှကာ နောက်ဆုံးကွဲကွာနေသော မိဘနှစ်ပါးနှင့် ညီအစ်မနှစ်ဦးပြန်လည်ပေါင်းဆုံကြပုံကို ပရိသတ်စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် အိမ်ထောင်ရေးပညာပေး ဘဝသရုပ်ဖော် ဇာတ်ကားတစ်ကားဖြစ်သည်။

နေတိုး၊ ထွန်းထွန်း၊ ရဲလေး၊ အိန္ဒြာကျော်ဇင်(နှစ်ကိုယ်ခွဲ)၊ မြတ်ကေသီအောင်၊ မေသဥ္ဇာဦး၊ ယုမိစံ၊ နေအောင်၊ မေတ္တာတို့ ပါဝင်သရုပ်ဆောင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ရှေ့ဆောင်ရုံတွင် Resident Evil Extinction ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ဒါရိုက်တာ Peter Berg ရိုက်ကူးသည့် The Kingdom ဇာတ်ကားပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာဆော်ဒီအာရေဗျနိုင်ငံတွင် အမေရိကန်နိုင်ငံသားများ အကြမ်းဖက်သတ်ဖြတ်ခံရသည်ကို ရှာဖွေဖော်ထုတ် နှိမ်နင်းသည့် ဇာတ်ကားဖြစ်သည်။

(ကြေးမုံ)

**မိုးပေါ်ခုန်တက် ကလိုက်ချင်ပါတယ် ဇာတ်ကားမှအိန္ဒြာကျော်ဇင်နှင့် ရဲလေးတို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။**



# အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည့် ဆီးချို၊ သွေးချိုရောဂါ

မိမိရို(အင်းစိန်)

ကျောင်းကိုရောက်သည်နှင့် လုပ်ဖော်ကိုင်ဖက် ဆရာမများပြောသဖြင့် ဆရာမဒေါ်ခင်သက်ဝေ၏သမီးလေး ဆုံးပြီဆိုသည့် သတင်းဆိုးကို ကြားလိုက်ရသည်။ ဆရာမဒေါ်ခင်သက်ဝေနှင့် စာရေးသူမှာ အသက်အရွယ်ချင်းတူညီသလို သားတစ်ယောက်၊ သမီးတစ်ယောက်စီရှိကြတာချင်းလည်း တူညီပါသည်။ သူ့မှာ သားကအကြီး၊ သမီးကအငယ်ဖြစ်၍ စာရေးသူမှာ သမီးက အကြီး၊ သားကအငယ်ဖြစ်ပါသည်။ ယခု ကွယ်လွန်သွားသည်မှာ အသက် (၁၁) နှစ်ရှိ ပဉ္စမတန်းဖြေထားဆဲ ကျောင်းသူဖြစ်ပါသည်။

ထိုစဉ်က စာရေးသူတို့ ကျောင်းအုပ်ဆရာကြီးမှာ ဦးတင်အေးဖြစ်ပြီး စာရေးသူတို့ ဆရာ၊ ဆရာမများ ကျောင်းဆင်းသည်နှင့် မသက်အိမ်ရှိရာသို့ သွားရောက်သတင်းမေးကြပါသည်။

အိမ်ထဲသို့ဝင်လိုက်သည်နှင့် 'သမီးလေးမရှိတော့ဘူး မမိရယ်'ဟု ကြေကွဲဆို့နင့်စွာဖြင့် ပရိဒေဝသောကမီးတောက်လောင်နေသော သူငယ်ချင်း၏ စကားသံကြောင့် ရင်ထဲတွင် ဆို့နင့်သွားရပါသည်။ စားပွဲခုံလေးပေါ်တွင် သမီးငယ်၏ ချစ်စရာပြုံးရွှင်နေသော ဓာတ်ပုံလေးကိုလည်း တွေ့လိုက်ရပါသည်။ စာရေးသူ၏ ရင်ထဲတွင် ရုတ်တရက်သူငယ်ချင်း၏ သောကမီးကို ဖြေသိမ့်နိုင်မည့် စကားလုံးများရှာမတွေ့သေး။ သားသမီးချင်း ကိုယ်ချင်းစာနာစိတ်ဖြင့် မျက်ရည်များသည် ထိန်းမရ တရစပ်ကျလာမိသည်။

ဆုံးပါးသွားသော သမီးငယ်သည် ဉာဏ်ရည်အလွန်ထက်မြက်၍ ကွန်ပျူတာပန်းချီ ကျွမ်းကျင်သော ကျောင်းသူလေးတစ်ဦး ဖြစ်ပါသည်။ မိဘနှစ်ပါးကလည်း ဝန်ထမ်းများဖြစ်၍ ရုံးတက်၊ အစ်ကိုဖြစ်သူကလည်း တောင်ငူတွင် GTC ကျောင်းတက်နေသဖြင့် သမီးငယ်မှာ တစ်နေ့တစ်နေ့ ကျောင်းက ပြန်လာသည်နှင့် တစ်ဦးတည်းသာ အိမ်တွင်နေရပြီး နံနက်ပိုင်း မိခင်ချက်ခဲ့သော ထမင်းစားပွဲပေါ်မှ အုပ်ဆောင်းဖြင့် အုပ်ထားခဲ့သည့် ထမင်းဟင်းကို စားပြီးသည်နှင့် သူစားချင်ရာ မုန့်ထုပ်များ တစ်ထုပ်ပြီးတစ်ထုပ် ဖောက်စား၊ ရေခဲသေတ္တာတွင်းမှ အချိုရည်ဘူးများ၊ စပျစ်သီးများ ယူစားနေလာခဲ့သူ ဖြစ်ပါသည်။ အချိုရည်ဘူးများ အကုန်များ၍ မိခင်က အနည်းအကျဉ်း ဆူသည်မှလွဲ၍ တစ်ဦးတည်း အိမ်မှာနေရရှာသော သမီးငယ်ကို အသနားပိုမိသောကြောင့် အချိုရည်ဘူးများကို လိုသလောက် ဝယ်ယူဖြည့်တင်းပေးထားကြောင်း သိရသည်။

"သမီးလေးက ဆီးချိုရောဂါနဲ့ ဆုံးတာတဲ့" မိခင်ဖြစ်သူမသက် ပထမဆုံး ပြောလိုက်သော စကားကြောင့် ကျွန်မ အံ့ဩသွားမိခဲ့သည်။ **ကျွန်မ သိထားသည်မှာ ဆီးချိုရောဂါသည် အသက် ၄၀ ကျော်၊ အသက်ကြီးပိုင်းမှစ၍ ဖြစ်တတ်သည်ဟု သိထားသော်လည်း ယခုအသက် (၁၁) နှစ်သာရှိသေးသည့် ကလေးတစ်ဦး ဆီးချိုနှင့်ကွယ်လွန်သည်ကိုမူ ပထမဆုံး တွေ့ကြုံလိုက်ရပါသည်။** မသက် ကျောင်း ပြန်တက်သောအခါ ပြောပြချက်များအရ အများပြည်သူတို့ မိမိတို့ရင်သွေးငယ်များအတွက် သတိထား ဆင်ခြင်နိုင်စေရန်၊ ရင်သွေးငယ်များသည် ဆီးချိုရောဂါဖြင့် လူ့လောကမှ စောစီးစွာ ထွက်ခွာမသွားရအောင် မိဘများအနေဖြင့် သတိပြု ကာကွယ်စောင့်ရှောက်တတ်စေရန်၊ ရင်သွေးငယ်များတွင် ဆီးချိုရောဂါလက္ခဏာများ ပြပါက မိဘတို့က အလျင်မြန်ဆုံး ဆေးရုံ၊ ဆေးပေးခန်း သွားရောက်ပြသမိစေရန် စသည့်ရည်ရွယ်ချက်များကြောင့် စာရေးသူအဖို့ ဤဆောင်းပါးကို ရေးသားဖြစ်မိပါသည်။

သမီးလေး အိမြတ်နိုးခင်မှာ ကိုယ်အလေးချိန် တဖြည်းဖြည်း ကျဆင်းလာခြင်း၊ ညအိပ်သည့်အခါတွင် ဆီးမကြာခဏသွားခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နွေးကွေးလေးလံထိုင်းမှိုင်းလာခြင်း၊ ရေမကြာခဏသောက်ခြင်း စသည်တို့ကို မိခင်အနေနှင့် မြင်တွေ့ရ၍ 'သမီးလေး နေကောင်းရဲ့လား' ဟုမေးသည့်အခါတိုင်း "နေကောင်းပါတယ်" ဟု ပြန်ပြောသောကြောင့် မိဘများအနေဖြင့် အမှုမဲ့ အမှတ်မဲ့ပင် နေလာကြသည်။ ၂၀၀၄ ခုနှစ် မတ်လဆန်းမှစပြီး မသက်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ လက်ထောက်ကြီးကြပ် တာဝန်ယူရမည်ဖြစ်၍ မိဘများရှိရာ သထုံမြို့သို့ သမီးကို ပို့ထားလိုက်ကြသည်။ စာမေးပွဲတာဝန် ထမ်းဆောင်နေစဉ် နောက်ဆုံးနေ့မှာပင် သမီးလေး မေ့မြောသွား၍ ဆေးရုံတင်ထားလိုက်ရကြောင်း မိဘများထံမှ သတင်းရရချင်း သထုံသို့ လိုက်သွားရာ သထုံမှ ရန်ကုန်သို့ သမီးအား ခေါ်ဆောင်လာသည့်ကားနှင့် လမ်းမှာပင် ပက်ပင်းတိုးပြီး ရန်ကုန်မြို့ မြောက်ဥက္ကလာဆေးရုံကြီးသို့ တင်ခဲ့သည်။ ဆီးချို၊ သွေးချိုတိုင်း ကိရိယာနှင့် တိုင်းကြည့်သောအခါ ၇၀၀ ကျော်နေပြီဖြစ်သည်။ မေ့မြောစဉ်က ဂလူးကို့စ်များ သွင်းလိုက်မိသဖြင့် ဆီးချိုပိုမိုတက်သွားခြင်းလည်း ဖြစ်နိုင်သည်။ အဘိုး၊ အဘွားတို့မှာ ကလေး၏ အခြေအနေကို သိမထား၍ ဆရာဝန်အားလည်း ကလေး၏ လက္ခဏာကို ကြိုတင်ပြောပြနိုင်ခြင်းရှိမည် မဟုတ်ပေ။

ကမ္ဘာပေါ်တွင် ဆီးချို၊ သွေးချိုရောဂါသည် လူသေဆုံးမှုနှုန်း အများဆုံး ဖြစ်ပေါ်စေသည့်ရောဂါကြီးတစ်ခုအဖြစ် ပါဝင်နေပေသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ဆီးချိုရောဂါဝေဒနာရှင် သန်း ၂၃၀ ကျော်ရှိပြီးနှစ်စဉ် လူသုံးသန်းကျော် သေဆုံးလျက်ရှိသည်ဟု သိရပါသည်။

ဆီးချိုရောဂါသည် ခန္ဓာကိုယ်အတွင်းရှိ အင်ဆူလင်ခေါ် ဓာတ်တစ်မျိုးဖောက်ပြန်သဖြင့် ဖြစ်ပွားသည့်ရောဂါဖြစ်ပါသည်။ လူတို့နေ့စဉ် စားသုံးနေသော အစားအသောက်များထဲတွင် ဂလူးကို့စ်ခေါ် သကြားဓာတ်တစ်မျိုးပါဝင်လျက်ရှိရာ အင်ဆူလင်မရှိပါက လူတို့၏ခန္ဓာကိုယ်သည် အစားအသောက်များ၏ သကြားဓာတ်ထဲမှ ရနိုင်သည့်စွမ်းအင်ကို အသုံးပြုနိုင်တော့မည် မဟုတ်ပါ။ ယခုအခါ ဆီးချို၊ သွေးချိုရောဂါ စတင်ဖြစ်ပွားသည့် အသက်ပိုမိုငယ်ရွယ်လာကာ ဆယ်ကျော်သက်များမှာပင် တွေ့ရှိရကြောင်း မကြာသေးခင်က သတင်းစာဆောင်းပါးတစ်ပုဒ်တွင် ဖတ်လိုက်ရပါသေးသည်။

ဆီးချို၊ သွေးချိုရောဂါသည် လွန်ခဲ့သော ဆယ်စုနှစ်များကပင် စတင်ဖြစ်ပွားခဲ့ကြောင်းကိုလည်း သိရှိရပါသည်။ ယခုဆီးချိုရောဂါဖြင့် ဆုံးသွားရှာသော မသက်၏ သမီးလေး အိမြတ်နိုးခင်၏ မိဘနှစ်ပါးနှင့် နှစ်ဖက်သော အဘိုး၊ အဘွားတို့အား ဆီးချိုရောဂါရှိ၊ မရှိ သွေးဖောက်စစ်ကြည့်သောအခါ မည်သူ့မှာမှ ဤရောဂါမရှိပေ။ မျိုးရိုးဗီဇမရှိပါဘဲလျက် သမီးငယ်မှာ ဤရောဂါ ဖြစ်ပေါ်လာရသည်။ ဤအကြောင်းကိုလည်း ဒေါက်တာတင့်ဆွေလတ်၏ ဆောင်းပါးတွင် မည်သည့်ဗီဇ (Gene)သည် ဆီးချို၊ သွေးချိုရောဂါ ဖြစ်နိုင်ခြေနှင့် ဆက်စပ်နေသည်ကို အတိအကျ ရှာဖွေဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း ဖတ်ရှုရပါသည်။

အမှန်တော့ ဝေဒနာရှင်များ၏ ထက်ဝက်ခန့်သည် မိမိတို့ကိုယ်တိုင် ဆီးချိုရောဂါရှိနေမှန်း မသိကြပေ။ ယင်းအချက်မှာ အလွန်မှန်ပေသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူကိုယ်တိုင် ဆီးချိုရောဂါရှိမှန်း မသိခဲ့ပေ။ ၂၀၀၁ ခုနှစ် နွေရာသီတွင် အထက်အညာသို့ မိသားစုဘုရားဖူးရင်း ဆွေမျိုးများရှိရာအလည်အပတ်သွားကြရာ စာရေးသူမှာ လွန်စွာ ပင်ပန်းနွမ်းနယ်လျက်ရှိပြီး ကိုယ်လက်မလှုပ်ရှားချင်သဖြင့် တစ်ခါတစ်ရံမှ တွေ့ရသည့် ဆွေမျိုးများနှင့်ပင် စကားပြောချင်စိတ်မရှိတော့ပါ။ မိမိ အိမ်ပြန်ရောက်လာသောအခါ နှလုံးအောင့်ခြင်း၊ စူးခြင်းပါ ဖြစ်ပေါ်လာ၍ ဆရာဝန်နှင့် ပြသကြည့်သောအခါမှ နှလုံးသွေးကြောကျဉ်းခြင်း၊ ဆီးချိုသွေးချိုရှိခြင်းတို့ကိုပါ ရှာဖွေသိရှိလာရတော့သည်။ ထိုစဉ်မှစ၍ ဆရာဝန်ညွှန်ကြားချက်အရ ဆေးဝါးများမှီဝဲခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ လမ်းသွက်သွက် လျှောက်ပေးခြင်း၊ အဆီအဆိမ့်များသော အစားအစာများကို ရှောင်ကြဉ်ခြင်း၊ အသီးအနှံများ ပိုမိုစားပေးခြင်း၊ အထူးသဖြင့် အမျှင်ပါသော အစားအစာများ စားသုံးပေးခြင်းစသည်တို့ကြောင့် အဝလွန်ရာမှကိုယ်ရေစစ်လာပြီး ဆီးချိုနှုန်း ပမာဏ ကျဆင်း၍ ဝေဒနာသက်သာလာပါတော့သည်။

**ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သက်ဆိုင်ရာနိုင်ငံများ ပူးပေါင်း၍ ဆီးချို၊ သွေးချိုရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ထို့ကြောင့် ဆီးချိုရောဂါ လက္ခဏာမည်သို့ရှိသည်ကို ပြည်သူများနားလည်မှတ်သားသိရှိထားဖို့ အရေးကြီးပါသည်။ သို့မှသာ မိမိ၏မိသားစု၊ မိမိ၏ရင်သွေးငယ်များ၊ မိမိပတ်ဝန်းကျင်ရှိမိတ်ဆွေအပေါင်းအသင်းများအတွက် ကျန်းမာရေးသတိ၊ အသိဖြင့် ကာကွယ်စောင့်ရှောက်ပေးနိုင်ပါမည်။ ဆီးချိုရောဂါ၏ နောက်ဆက်တွဲရောဂါများဖြစ်ကြသော နှလုံးသွေးကြောကျဉ်းရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာ ရောဂါများ မဖြစ်ပွားစေရန်၊ အထူးသဖြင့် လေမဖြတ်နိုင်ရန် ဆရာဝန်ညွှန်ကြားချက်ဖြင့် မှီဝဲရသော ဆေးဝါးများ၊ အစားအသောက်၊ အပြုအမူအနေအထိုင်နှင့် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းအားဖြင့် ဆီးချိုရောဂါကို ထိန်းထားနိုင်အောင် ကျန်းမာရေး ဗဟုသုတရှိဖို့ အရေးကြီးလှသည်။**

မိဘများအနေဖြင့် မိမိတို့၏ သား၊ သမီးများကို လွန်စွာ အလိုမလိုက်သင့်ပါ။ အချိုအဆိမ့် များလွန်းသောအစားအစာများ၊ အရည်များ၊ အိတ်လှလှလေးများဖြင့် ထုတ်လုပ်ထားသောအချို၊ အငန်အရသာများ လွန်းသောမုန့်များ လွန်ကဲစွာ စားသောက်ခြင်းကို ခွင့်မပြုသင့်ပါ။ ညပိုင်း ဆီးမကြာခဏသွားခြင်း၊ ကိုယ်အလေးချိန်လျော့နည်းလာခြင်း၊ လှုပ်ရှားမှု နွေးကွေးလေးလံလာခြင်းလက္ခဏာများ ပေါ်ပေါက်ပါက ဆီးချိုရောဂါမျိုးရိုး ရှိရှိ၊ မရှိရှိ တတ်ကျွမ်းနားလည်သည့် ဆရာဝန်များနှင့် သွားရောက်ပြသသင့်ပါသည်။ လိုအပ်လျှင် ဆီးချိုရောဂါရှိ၊ မရှိ တိုင်းတာ စစ်ဆေးသင့်ပါသည်။

သို့ဖြစ်ရာ မိဘများသည် သားသမီးများအပေါ်တွင် မေတ္တာကရုဏာကြီးမားလွန်းလှသော သဘာဝအတိုင်း သား၊ သမီးများ၏ လိုအင်ဆန္ဒများကို လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးကြရာဝယ် မိမိ၏ လိုက်လျောဖြည့်ဆည်းပေးမှုများနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသော ကောင်းကျိုး၊ ဆိုးကျိုးများကို မျက်ခြည်မပြတ် သတိချပ်၍ လေ့လာသုံးသပ်နေသင့်သည်ဟု ယူဆမိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ယောနယ်အသင်း(ရန်ကုန်) သံဃာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

(၃၉) ကြိမ်မြောက် ယောနယ်ဖွား သံဃာတော်များ ပူဇော်ပွဲနှင့် စာအောင်ဆုနှင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၄၅၊ ၅၀ ရှိ အဘိဓမ္မာရတနာဃရဓမ္မဗိမာန်တော်ကြီး၌ အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အမှူးထား၍ ကျင်းပမည်ဖြစ်သည်။ ယောနယ်ဖွား သံဃာတော်များ ကိုယ်တိုင် ကြွရောက် အပူဇော်ခံယူကြပါရန်နှင့် ယောနယ်သူ၊ နယ်သားများနှင့် ဓမ္မမိတ်ဆွေများ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ထံမှ သာဓုအနုမောဒနာတရား နာယူကာ လှူဒါန်း ပူဇော်နိုင်ကြကြောင်း သိရသည်။ နှစ်စဉ်လှူဒါန်းမြဲ ဆွမ်းပဒေသာပင်နှင့် စာအောင်ပဒေသာပင်များအတွက် ဦးအေးမောင် ဖုန်း–၂၄၀၆၁၄၊ ဦးအောင်မြ ဖုန်း–၃၈၆၄၄၇၊ ဦးသာလှ ဖုန်း–၃၈၀၄၄၈ တို့သို့ ကြိုတင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က–ပ)

## နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် လှူဒါန်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၁၃)ရပ်ကွက် ရွှေယင်းမာလမ်း (ကံဘဲ့) ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုစိတ္တာဘိဝံသ(သစအ) ဓမ္မာစရိယ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းတိုက်အတွင်း၌ ဘောဇနသာလာ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီးကို ဆောက်လုပ်မည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ဦးကုဏ္ဍလ (တိုက်အုပ်ဘုန်းတော်ကြီး) ဖုန်း–၅၇၁၄၂၂၊ ဦးမြသောင်း (ဥက္ကဋ္ဌ) ဖုန်း–၅၇၇၈၂၅နှင့် ဦးလေးအောင် (အတွင်းရေးမှူး) ဖုန်း–၀၉၅၁–၇၆၀၂၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၇–၁၂–၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
**၈:၁၅** ၁၁။ အပိုတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၂၀** ၃။ အမျိုးသားရေးတေးကဗျာ
**၄:၃၀** ၄။ မြန်မာသံစဉ်ချိုနားဝင်
**၄:၄၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၅:၀၀** ၆။ အမျိုးသားရေးတေးကဗျာ
**၅:၂၀** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
**၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
**၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၂။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့ စွန့်စားခန်း" (အပိုင်း–၈)**
**၆:၃၅** ၁၃။ အမျိုးသားရေးတေးကဗျာ
**၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ပုံရိပ်ပမာ (အပိုင်း–၅၅)**
**၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သိမ်းငှက်သူရဲကောင်း(ဒုတိယတွဲ) (အပိုင်း–၁၇)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိုတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။



# မန္တလေးတိုင်း ဒီဇင်ဘာ(ဒုတိယပတ်)လူထုလမ်းလျှောက်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၂၆

**မန္တလေးတိုင်း ၂၀၀၇ခုနှစ် ဒီဇင်ဘာ (ဒုတိယပတ်) လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၅ နာရီခွဲက မန္တလေး နန်းမြို့ ၂၆လမ်းနှင့် ၇၃လမ်းထောင့်ရှိ မင်္ဂလာတံတားထိပ်တွင်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်၍ ပါဝင်ဆင်နွှဲသည်။**
(အပေါ်ပုံ)

ရှေးဦးစွာ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများသည် ၂၆ လမ်းနှင့် ၇၃ လမ်းထောင့်ရှိ နန်းမြို့ မင်္ဂလာတံတားထိပ် စုရပ်နေရာသို့ ရောက်ရှိကြပြီး သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြသည်။

## တပျော်တပါးဆင်နွှဲ

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်သောင်းက မန္တလေးတိုင်း ၂၀၀၇ခုနှစ် ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပရခြင်း အကြောင်း ရှင်းလင်းတင်ပြပြီးနောက် သေနတ်ကို ပစ်ဖောက်သည်နှင့် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများသည် စုရပ်နေရာမှ စတင်၍ ၂၆ လမ်းအတိုင်း လမ်းလျှောက်ပွဲကို တပျော်တပါး ဆင်နွှဲကြသည်။

## ရုပ်သိမ်း

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများသည် ၂၆လမ်းနှင့် ၆၆ လမ်းထောင့်၊ ထို့နောက် ၆၆ လမ်းအတိုင်း မြောက်ဘက်သို့ တပျော်တပါး ဆင်နွှဲကြပြီး ၆၆ လမ်းနှင့် ၁၉ လမ်းထောင့်ရှိ ဦးထိပ်တံတား ထိပ်တွင် ရပ်နားပြီး ဒီဇင်ဘာ (ဒုတိယပတ်) ပြည်သူ့အားကစားလ လမ်းလျှောက်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## အပတ်စဉ်ပြုလုပ်မည်

မန္တလေးတိုင်း ၂၀၀၇ခုနှစ် ဒီဇင်ဘာ ပြည်သူ့အားကစားလ လမ်းလျှောက်ပွဲများကို ဒီဇင်ဘာလအတွင်း အပတ်စဉ် စနေနေ့တိုင်း နံနက် ၅ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် တာမွေမြို့နယ် မေတ္တာညွှန့် နိဗ္ဗာန်လမ်းနေ ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်မကြီးတို့အားရည်စူး၍ ဒေါ်ခင်ထွေးမိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်း၊ ဦးစိန်ဦးနှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းတို့ လက်ခံယူစဉ်။ (က-ပ)

# ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၆

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီနှင့် ဌာနမှူးများ၊ တာဝန်ရှိသူများ လိုက်ပါ၍ ဒီဇင်ဘာ ၂၃ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေး တို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက် ၇နာရီ ၄၅မိနစ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ၂၄ ရပ်ကွက်၊ သံသုမာလမ်းရှိ စရည်းပင်ရေနုတ်မြောင်းသို့ ရောက်ရှိပြီး ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် တိုးချဲ့ဖောက်လုပ်နေမှု၊ အမှိုက်၊ ခဲ၊ သဲနှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို လည်းကောင်း၊ ၂၉ ရပ်ကွက်ရှိ ပေါ်ဆန်းမွှေးလမ်းဘေး ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် တိုးချဲ့ဖောက်လုပ်ထားရှိမှုနှင့် ကွန်ကရစ်ရေနုတ်မြောင်း ပြုလုပ်နေမှုကို လည်းကောင်း၊ ၂၃ ရပ်ကွက်နှင့် အောင်ဆုပန်ရပ်ကွက် မီးရထားသံလမ်းဘေးရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး အတွက် တိုးချဲ့ဖောက်လုပ်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မြို့တော်ဝန်သည် တောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာရံပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ စာသင်တိုက်ဝင်းအတွင်းလမ်းအား ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှုနှင့် စာသင်တိုက်အဝင်လမ်းများကတ္တရာကွန်ကရစ်ထပ်ပိုးခင်းမည့် လုပ်ငန်းအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ရေဝတအားဖူးမြော်ကြည်ညိုသည်။

ယင်းနောက် မြို့တော်ဝန်သည် ရန်ကုန်မြို့ ပြည်လမ်းအဆင့်မြှင့်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းဆုံမှ အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်းအထိ ကတ္တရာ ကွန်ကရစ် ထပ်ပိုးခင်းနေမှု လုပ်ငန်းကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျောက်မျက်သိုလှောင်ရုံများ တည်ဆောက်မှုလုပ်ငန်းနှင့် မြန်မာကွန်ဗင်းရှင်းစင်တာဝင်း တိုးချဲ့နေမှုလုပ်ငန်းများ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စံချိန်စံညွှန်းပြည့်မီစွာဖြင့် အမြန်ဆုံးပြီးရန် ဆောင်ရွက် ရေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (၁၉)





**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သဃ်န်းကျွန်းမြို့နယ် ၂၄ရပ်ကွက်ရှိ စရည်းပင်ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)

# ကလေးငယ်များ သွားကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကလေးငယ်များအား သွားကျန်းမာရေး စစ်ဆေးခြင်းနှင့် သွားကျန်းမာရေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက်က အလုံမြို့နယ်ခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားပြီး ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၅၂၁၀ ကို လက်ခံသည်။

ဆက်လက်၍ အလှူငွေ ပေးအပ်ပွဲတွင် အလှူရှင်အသီးသီး၏ လှူဒါန်းငွေ ၃၆၀၀၀၀ ကို ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ သွားကျန်းမာရေးပညာပေးဟောပြောပွဲတွင် ဆေးတက္ကသိုလ်(ရန်ကုန်) သွားကျန်းမာရေးဌာနမှ ကထိက ဒေါက်တာဌေးမြင့်ဦးက ဟောပြော၍ ဟောပြောပွဲအပြီးတွင် ဒေါ်မာမာဝေက ကလေးငယ်များအား သွားတိုက်တံနှင့် သွားတိုက်ဆေးများ ဝေငှပေးခဲ့သည်။ (က-ပ)



**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ အလုံမြို့နယ် အတွင်းရှိ ကလေးငယ်များအား သွားကျန်းမာရေး စစ်ဆေးနေမှုကို ကြည့်ရှုအားပေး၍ သွားတိုက်တံနှင့် သွားတိုက်ဆေးများ ဝေငှပေးစဉ်။**
(က-ပ)

# သန်လျင် အထက(၁)အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၀၃ ဦးတို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများက (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများပြန်လည်တွေ့ဆုံပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၈ရက် နံနက် ၈နာရီတွင် အထက(၁)ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ပါမောက္ခချုပ် ဒေါက်တာ ဦးဝင်း ဖုန်း-၀၅၆- ၂၁၈၇၅၊ ဦးမြင့်ထူး ဖုန်း-၀၅၆-၂၁၂၄၇၊ ဦးစိန်လွင် ဖုန်း-၀၉-၅၁-၂၇၀၅၉၊ ဦးမောင်မောင်တိုး ဖုန်း-၀၉၅၀-၁၁၇၀၇၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉၅၁-၅၂၉၅၅၊ အထက(၁)သန်လျင် ဖုန်း-၀၅၆-၂၁၁၄၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၅၂)**

# မြန်မာ-တရုတ်နယ်စပ် (၁၀၅)မိုင်ကုန်သွယ်ရေးစခန်း သစ်သီးဈေးကွက်တွင် မြန်မာ့ဖရဲနှင့် သခွားမွှေးများ ရောင်းအားကောင်း

မူဆယ် ဒီဇင်ဘာ ၂၅

**မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅)မိုင် သစ်သီးဈေးကွက်တွင် မြန်မာ့ဖရဲနှင့် သခွားမွှေးများ ဈေးကွက်တွင် အဝင်များပြီး ရောင်းအား ကောင်းလျက်ရှိနေကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုသည် ၁၂ ရာသီပတ်လုံး သီးပင်စားပင်များ စိုက်ပျိုးဖြစ်ထွန်းနေရာ သဘာဝမြေဩဇာကိုသုံးပြီး ခေတ်မီနည်းစနစ်များဖြင့် ဖော်ထုတ်ကြိုးစား ဆောင်လုပ်ကိုင်နေသည့်အတွက် စိုက်ပျိုးသီးနှံများ လှိုင်လှိုင်ထွက်နေသည်။**

**ဝင်ငွေလမ်းဖြောင့်**

တောင်သူဦးကြီးများ အနေဖြင့် မိမိတို့ဒေသထွက် သီးနှံများဖြစ်သော သရက်၊ ဖရဲ၊ သခွားမွှေး စသည့် သီးနှံများကို မိမိတို့ကိုယ်တိုင် တိုက်ရိုက် ရောင်းချနိုင်စေရန်အတွက် သက်ဆိုင်ရာမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဝင်ငွေလမ်းဖြောင့်ပြီး အသိအမြင်လည်း ပိုမိုကျယ်ပြန့်လာနေပြီဖြစ်သည်။

ယခုရာသီအချိန်အခါသည် ဖရဲများ၊ သခွားမွှေးများ လှိုင်လှိုင်ပေါ်သည့် အချိန်အခါဖြစ်သည့်အတွက် မြန်မာနိုင်ငံဘက်မှ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းသို့ နေ့စဉ် ဖရဲကားများ၊ သခွားမွှေးကားများ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် ဝင်ရောက်လျက်ရှိရာ သစ်သီးကားများ နေ့စဉ် အများဆုံး ၁၀ စီးခန့် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဖရဲကားကြီး (၁၂ဘီး) တစ်စီးလျှင် ၂၄ တန်ထိ ပါရှိကြောင်း၊ ရောင်းချလျှင် တန်ချိန်ဖြင့် ရောင်းရပြီး ၂၄ တန်ပါ ကားကြီး တစ်စီးလျှင် ငွေကျပ် ၃၅သိန်းမှ ၃၆ သိန်းဝန်းကျင်အထိရရှိကြောင်း၊ သခွားမွှေးများမှာ လုံးရေဖြင့်ရောင်းရပြီး အကြီးအသေးအလိုက် တစ်လုံးလျှင် ကျပ် ၃၆၀ မှ ကျပ် ၅၅၀ အထိ ရရှိကြောင်း၊ သခွားမွှေး (၁၂ ဘီး) ကားကြီးတစ်စီးလျှင် လုံးရေ ၈၀၀၀ ခန့်ပါကြောင်း၊ အခြားဒိုင်နာ ခါးရှည်ခြောက်ဘီးကားများဖြင့်လည်း လာရောက်ရောင်းချလေ့ရှိကြောင်း၊ ဖရဲသီးများ၊ သခွားမွှေးများကို ကချင် ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့ရွာများမှ အများဆုံးလာရောက် ရောင်းချလေ့ရှိကြောင်း (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းရှိ လင်းထွန်းပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖရဲကြောင့် စီးပွားဖြစ်ထွန်းနေသော ရွာများစွာအနက်မှ သိန်လင်ရွာလည်းပါဝင်သည်။ သိန်လင်ရွာသည် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း ဗန်းမော်မြို့နှင့် ငါးမိုင်ခန့်ကွာဝေးသော ဗန်းမော်-မန္တလေး ကားလမ်းဘေးတွင် တည်ရှိသည်။ ယခင်က ထိုရွာကလေးသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်းများကိုသာ အဓိက စိုက်ပျိုးသော ရွာလေးဖြစ်သည်။ နိုင်ငံခြားမှ ဝယ်လိုအားကောင်းလာသည့်ဖရဲများကို စတင်စိုက်ပျိုးသည့် နှစ်မှစ၍ နှစ်စဉ်ဝင်ငွေလမ်းဖြောင့်ဖြူးလာရာ ယခုဆိုရင် သိန်လင်ရွာလေးတွင် တိုက်တာ အိမ်ရာကောင်းများ၊ ဆန်စက်၊ ဆီစက်များနှင့် ကိုယ်ပိုင်ကားများရှိနေပြီ ဖြစ်ကြောင်း သိန်လင်ရွာသားတစ်ဦးဖြစ်သူ ဦးမြမောင်က ကြေးမုံနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ**
**ကျော်ကျော် (မူဆယ်)**



**မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသော ဖရဲသီးများကို ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်းရှိ သိန်လင်ကျေးရွာတွင် ခေတ်မီစက်ကိရိယာ၊ ခေတ်မီနည်းပညာများဖြင့် စိုက်ပျိုးနေစဉ်။**



**သန်မာထွားကျိုင်းစွာ ရှင်သန်ဖွံ့ဖြိုးလျက်ရှိသော ဖရဲပင်ပေါက် တစ်ပင်ကို အနီးကပ်တွေ့ရစဉ်။**

# သဲအင်းဂူ ခုနစ်ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၄)ဝိုင်း၊ ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္ဘဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအားအကျိုးတော်ဆောင်အဖွဲ့က အခမဲ့အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၄ ရက် ညနေအရောက်ကြွ ရောက်ရန် နှိုးဆော်ထားသည်။ (က-ပ)

**❖ ကျောဖုံးမှ**

အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ စက်များတပ်ဆင်ရာတွင် အပိုင်းလိုက် မှန်ကန်အောင် စနစ်တကျ တပ်ဆင်ရေး၊ စက်ရုံနှင့် စက်ရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေး၊ စက်ရုံနှင့်စက်ရုံပတ်ဝန်းကျင်တွင် အရိပ်ရပင်များ၊ နှစ်တိုနှစ်ရှည်စားသုံးပင်များ စိုက်ပျိုးရေး၊ သဘာဝအလှအပနှင့် သစ်တောသစ်ပင်ကာကွယ်စောင့်ရှောက်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို အသေးစိတ် ဆွေးနွေးမှာကြားခဲ့သည်။

ခပေါင်း ရေအားလျှပ်စစ်စီမံကိန်းသည် ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် (၃၀)မှ လျှပ်စစ်ဓာတ်အား နှစ်စဉ် ပျမ်းမျှကီလိုဝပ်နာရီ သန်းပေါင်း ၁၂၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးမည့် စီမံကိန်းဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

# အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ အထက(၄) အလုံနှင့် အထက(၃)ကြည့်မြင်တိုင် ဗိုလ်စွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဒုတိယအကြိမ် ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းက ဗဟန်းမြို့နယ် ခရစ်ကက်လေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် အထက(၄) အလုံအသင်းက ဗိုလ်စွဲပြီး ဆုကြေးငွေကျပ် ၇၀၀၀၀ ကို ဆွတ်ခူးသွားသည်။ အထက(၁) လမ်းမတော် အသင်းက ဒုတိယရရှိကာ ဆုကြေးငွေကျပ် ၄၀၀၀၀ ကို ရရှိပြီး အထက (၃)ကြည့်မြင်တိုင်အသင်းက တတိယဖြင့် ဆုကြေးငွေကျပ် ၂၀၀၀၀ ကို ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲတွင် Best Batsman ဆုကို အထက(၁) လမ်းမတော်မှ မြတ်မင်းဟိန်းက လည်းကောင်း၊ Best Bowler ဆုကို အထက(၄)အလုံမှ အောင်ပြည့်ဖြိုးမင်းကလည်းကောင်း၊ Best All Rounder ဆုကို အထက (၄) အလုံမှ စောဖုန်းသက်ပိုင်ကလည်းကောင်း အသီးသီးရရှိကြပြီး တစ်ဦးလျှင် ဆုကြေးငွေကျပ် ၅၀၀၀ စီ ရရှိသည်။

အမျိုးသမီးပြိုင်ပွဲတွင် အထက (၃) ကြည့်မြင်တိုင်အသင်းက ဗိုလ်စွဲပြီး ဆုကြေးငွေကျပ် ၇၀၀၀၀ ကို ဆွတ်ခူးသွားသည်။ အထက(၄) အလုံအသင်းက ဒုတိယဖြင့် ဆုကြေးငွေကျပ် ၄၀၀၀၀ ကိုရရှိသွားပြီး အထက (၃) တာမွေအသင်းက တတိယဖြင့် ဆုကြေးငွေကျပ် ၂၀၀၀၀ ကိုရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲတွင် Best Batsman ဆုကို အထက(၁) ဗဟန်းမှ အေးစန္ဒာလင်းက လည်းကောင်း၊ Best Bowler ဆုကို အထက (၃)ကြည့်မြင်တိုင်မှ လင်းလင်းထွန်းက လည်းကောင်း၊ Best All Rounder ဆုကို အထက(၄) အလုံမှ မြမျက်ချယ်က လည်းကောင်း အသီးသီး ရရှိကြပြီး တစ်ဦးလျှင် ဆုကြေးငွေ ကျပ် ၅၀၀၀ စီရရှိသည်။

အခြေခံပညာ ကျောင်းများတွင် ခရစ်ကက်အားကစားနည်း တိုးတက်ဖွံ့ဖြိုးရေးအတွက် ယခုပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိကြသော ကျောင်းများအား မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ရပ်ရှင်သရုပ်ဆောင် ဦးညွန့်ဝင်းက ခရစ်ကက်အားကစားပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် အောင်ပွဲရ ခရစ်ကက် အားကစားသမားများအား အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။

(ကြေးမုံ)



**ဒီဇင်ဘာ ၂၅ရက်မှ ၂၆ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံခန်းမ၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ရန်ကုန်တိုင်း ကျောင်းပေါင်းစုံ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အတိုက်ပြိုင်ပွဲနှင့် ကကွက်ခါးပတ် အဖြူပြိုင်ပွဲ၌ ရွှေခုနစ်ခု၊ ငွေလေးခု၊ ကြေးသုံးခုနှင့် တံခွန်စိုက်ဖလားဆုရ အလက(၃) ရွှေပြည်သာကျောင်းအသင်းအား အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်ဆုချီးမြှင့်စဉ်။**(ကြေးမုံ)



**မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁၄) အခြေခံပညာမူလတန်းကျောင်းတွင် ဒီဇင်ဘာ ၄ ရက်က ကျင်းပသည့် အမျိုးသားနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ၌ ပထမဆုရရှိသူ အလက(၁) တောင်ညွန့် သတ္တမတန်းမှ မနေခြည်ဖြိုးအား မြို့နယ်ပညာရေးမှူး ဒေါ်လေးလေး ဆုချီးမြှင့်စဉ်။** (ပညာရေး)

**နောက်နှစ်ရက်အတွက်**
**မိုးလေဝသခန့်မှန်းချက်**

**မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနိုင်သည်။**



**ပညာရည်ချွန်ဆု**

**မင်္ဂလာဒုံမြို့နယ် အမှတ် (၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၅ရက်က ကျင်းပရာ GRADE -1 သူငယ်တန်း (A)မှ ပထမဆုရ မောင်ဟိန်းနန္ဒအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသဇင်ဆုချီးမြှင့်စဉ်။** (ပညာရေး)



မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်က ကူညီပံ့ပိုးငွေကျပ် လေးသိန်းကို ပေးအပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ လက်ခံစဉ်။

(ဟော်ကီအဖွဲ့အချုပ်)

## တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၀၇ ခုနှစ် (၁၁)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ပုသိမ်မြို့ရှိ တိုင်းအားကစားကွင်း၌ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဟော်ကီအားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ၂၀၀၇ ခုနှစ် (၁၁)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း ဟော်ကီပြိုင်ပွဲအတွက် ကူညီပံ့ပိုးငွေကျပ်လေးသိန်းကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်တို့က ပေးအပ်လှူဒါန်းကြရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက လက်ခံသည်။

ထို့နောက် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းမှ လက်ရွေးစင် ဟော်ကီအားကစားသမားများအား နှစ်သင်းခွဲ၍ ဟော်ကီအားကစား သရုပ်ပြကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပရီမီယာလိဂ်ပွဲ မန်ယူက ဆန်ဒါလန်းကို ဂိုးပြတ်နိုင် ချယ်လ်ဆီးနှင့် အက်စ်တွန်ဗီလာ လေးဂိုးစီ သရေကျ

**လန်ဒန် ဒီဇင်ဘာ ၂၆**

ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များကို ယနေ့ကျင်းပရာ ချယ်လ်ဆီးနှင့် အက်စ်တွန်ဗီလာအသင်းတို့ လေးဂိုးစီ သရေကျသွားသည်။ ပွဲချိန် မိနစ် ၉၀ စေ့သည်အထိ ချယ်လ်ဆီးက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရနေရာမှ လေလွင့်ချိန်တွင် အက်စ်တွန်ဗီလာအသင်း ပယ်နယ်တီရရှိသဖြင့် ချေပဂိုးရကာ သရေကျသွားသည်။ ယင်းပယ်နယ်တီဂိုးမှာ ချယ်လ်ဆီးနောက်ခံလူ အက်ရှ်လေကိုးရေိယာအတွင်း ဘောလုံးကို လက်ဖြင့်ထိ၍ အနီကတ်ဖြင့် ထုတ်ခံရကာ ပယ်နယ်တီ ပြစ်ဒဏ်ပေးခံရခြင်းဖြစ်သည်။

ထို့အပြင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဆန်ဒါလန်းတို့ပွဲတွင် ဝိန်းရူနီနှင့် စီရော်နယ်ဒို(ဖရီးကစ်)တို့က တစ်ဂိုးစီနှင့် လူးဝစ်ဆာဟာက နှစ်ဂိုးသွင်းကာ လေးဂိုး-ဂိုးမရှိဖြင့် မန်ယူက ဂိုးပြတ်အနိုင်ရသွားသည်။ စီရော်နယ်ဒိုကန်သွင်းသည့် ဖရီးကစ်မှာ ကန်သွင်းချက် မှန်ကန်တိကျပြီး ရှေ့မှာ တန်းစီကာထားသူများပေါ်မှကျော်ကာ ဂိုးသမား၏ ညာဘက်သို့ ဂိုးဝင်သွားခြင်းဖြစ်သည်။

အခြားပွဲစဉ်များတွင် တော့တင်ဟမ်က ဖူဟမ်ကို (၅း၁)၊ ဘာမင်ဂမ်က မစ်ဒယ်ဘရော့ကို (၃း၀)၊ လီဗာပူးက ဒါဘီကို (၂း၁)၊ ဝီဂန်က နယူးကာဆယ်ကို (၁း၀)တို့ဖြင့်နိုင်ပြီး ရီဒင်းနှင့် ဝက်စ်ဟမ်းတို့ တစ်ဂိုးစီ သရေကျသွားသည်။

***အင်တာနက်***

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

**ကမ္ဘာမြေတစ်လွှား မှတ်တမ်းဝင်ဖြစ်ရပ်များ**

## ကောင်းကင်ထက် တန်းထိုးလမ်းလျှောက်သူ



ဗြိတိန်နိုင်ငံ ရီအိုဗယ်ဒေသ ကောင်းကင်ပြင်အမြင့် ပေ ၂၁၄၀၀ တွင် ဓာတ်ငွေ့သုံး မီးပုံးပျံနှစ်စင်းကို တန်းထိုးကာ မိုက်ဟောင်းဝပ်ဆိုသူသည် ၂၀၀၄ခုနှစ်က လမ်းလျှောက်ပြခဲ့ခြင်းဖြင့် အမြင့်ဆုံးနေရာ၌ လမ်းလျှောက်သူအဖြစ် စံချိန်တင်နိုင်ခဲ့သည်။

## ကမ္ဘာ့ကိုယ်အလေးချိန် အများဆုံးလူ



မက္ကဆီကိုနိုင်ငံမှ မင်နျူရယ် အူရီဘေးဆိုသူသည် ကိုယ်အလေးချိန် တန်ဝက်မျှ အလေးချိန်စီးသော ကမ္ဘာ့အဝဆုံး လူသားဖြစ်သည်။ ၎င်း၏ ကိုယ်အလေးချိန် အတိအကျမှာ ၁၂၃၅ ပေါင်ဖြစ်သည်။ ၎င်းသည် ကိုယ်အလေးချိန်များလွန်းသဖြင့် လျှော့ချနိုင်ရေးအတွက် မက္ကဆီကို ရုပ်မြင်သံကြားအစီအစဉ်မှတစ်ဆင့် ထုတ်လွှင့်ပြသကာ အကူအညီ တောင်းခံခဲ့သည်။

၎င်း၏ ကိုယ်အလေးချိန် ကျဆင်းသွားစေရန် အီတလီဆရာဝန် ဂျီရန်ကာလိုဒီဘာနာဒင်းနစ်က အကူအညီပေးခဲ့သည်။ ယခုအခါ အူရီဘေး၏ အလေးချိန်မှာ ပေါင် ၈၄၀ သို့ ကျသွားပြီဖြစ်သည်။

## ဒုံးစွမ်းအားသုံးတောင်ပံဖြင့် ကောင်းကင်တွင် ပထမဆုံးပျံဝဲသူ



ဒုံးစွမ်းအားသုံး တောင်ပံတပ်ဆင်ကာ ကောင်းကင်ယံ၌ ပထမဆုံး ပျံသန်းသူ လူသားမှာ ဆွစ်ဇာလန်နိုင်ငံမှ ရက်စ်ရော်စီဖြစ်သည်။ ၂၀၀၄ခုနှစ်က ဆွစ်ဇာလန်နိုင်ငံ ဗျူချာတယ်ရေကန်အနီး ရာဒွန်လေယာဉ်ကွင်း အထက်အမြင့် ပေ ၅၂၅၀ ၌ တစ်နာရီလျှင် ၁၁၁ မိုင်နှုန်းဖြင့် လေးမိနစ်တာမျှ ကြာအောင် ပျံသန်းခဲ့သည်။

၎င်းအသုံးပြုသော အင်ဂျင်စက်မှာ ရေနံဆီလောင်စာကို အသုံးပြုသော ဒုံးဖြစ်ပြီး တောင်ပံအရှည်မှာ ၁၀ ပေရှိသည်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဒီဇင်ဘာ ၉ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။**

(ပြန်/ဆက်)



## မင်းပြားမြို့ အကြံတော်ပြည့် ဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မင်းပြားမြို့ တက္ကသီလသာသနအလင်းရောင် မြို့မမြောက်ကျောင်းတိုက်ဝင်းအတွင်းရှိ ရှေးဟောင်း"အကြံတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်"ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ၁၃၆၉ခုနှစ် နတ်တော်လပြည့်ကျော် ၈ရက် (၁-၁-၂၀၀၈)အင်္ဂါနေ့မှ ပြာသိုလဆန်း ၈ရက် (၁၅-၁-၂၀၀၈)နေ့အထိ ၁၅ရက်တိုင်တိုင် (၈)ကြိမ်မြောက် ဓမ္မသဘင်ပွဲတော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထိုပွဲတော်ရက်အတွင်း နေ့စဉ် တရားပွဲများတွင် အလှူဒါန ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့တည်ရာ မင်းပြားမြို့ တက္ကသီလသာသန အလင်းရောင် မြို့မ မြောက်ကျောင်းတိုက်၌လည်းကောင်း၊ ရန်ကုန်မြို့မှ အလှူရှင်များ လှူဒါန်းလိုပါက ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း ဖုန်း-၅၄၈၈၀၅ ၌လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဝန်းသိုမြို့ ရေဝန်းကျောင်းတိုက် မုံလယ်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်း ဝန်းသိုမြို့ ရေဝန်းကျောင်းတိုက် မိုးကုတ်ဝိပဿနာ မုံလယ်ခုနစ်ရက်တရားစခန်းပွဲကို ၁၃၆၉ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်မှ ပြာသိုလဆန်း ၄ရက် (၂၀၀၈ခုနှစ် ဇန်နဝါရီ ၅ရက်မှ ၁၁ရက်အထိ) ဖွင့်လှစ်မည်ဖြစ်သည်။

စခန်းပွဲတွင်ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ဇန်နဝါရီ ၄ရက် ညနေအရောက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၁၂-၂၀၀၇ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၁၅ ၈။ အကပဒေသာ
- ၈း၂၅ ၉။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ Let's Go.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Every day Use
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
- ၅း၂၀ ၆။ ဘာသာစကား သင်ကြားလေ့လာ တက္ကသိုလ်မှာ (အပိုင်း-၁)
- ၅း၃၅ ၇။ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ တေးဂီတအစီအစဉ်
- ၆း၅၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး တတိယချစ်ပုံပြင်" (အပိုင်း-၃၀)**
- ၇း၃၀ ၁၂။ အချုပ်အခြာအာဏာ အစွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှ နှစ်ဆယ့်လေးမည်ရောင်စုံ ပွင့်လန်း အလှပန်း (အပိုင်း-၁)
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ" (အပိုင်း-၁၃)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**
**(၃၀-၁၂-၂၀၀၇) ရက်နေ့**

**၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွက်**
**(၁၃-၁-၂၀၀၈)ရက်နေ့နှင့်**
**(၂၇-၁-၂၀၀၈)ရက်နေ့**

# တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သီလဝိသောဓနီ သိမ်တော်ကြီး ရေစက်သွန်းချလှူဒါန်းပွဲ တက်ရောက်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၂၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုတို့ လှူဒါန်းပူဇော်သည့် ကြေးသွန်းဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲနှင့် သီလဝိသောဓနီ သိမ်တော်ကြီးအား ရေစက်သွန်းချလှူဒါန်းပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေခရိုင် မင်းပြားမြို့နယ်ရှိ ကျိန်းတောင်ဇိဝ်ဂါ ဓာတ်တော်မြတ်စေတီတော်ရင်ပြင်၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန် တက်ရောက်ကြည်ညိုသည်။





ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဧည့်သည်တော်များ မင်းပြားမြို့နယ် ကျိန်းတောင်ဇိဝ်ဂါ ဓာတ်တော်မြတ်စေတီတော်ရင်ပြင်တွင် ကျင်းပသည့် ကြေးသွန်းဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲနှင့် သီလဝိသောဓနီ သိမ်တော်ကြီးအား ရေစက်သွန်းချလှူဒါန်း ပူဇော်ပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (အမှတ်-၂၊ လျှပ်စစ်)

အစီအစဉ်အရ သီလဝိသောဓနီ သိမ်တော်ကြီးအတွင်းရှိ ကြေးသွန်းဘုရားဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆရာတော် သံဃာတော် ၁၅ ပါးတို့ကဗုဒ္ဓါဘိသေက အနေကဇာ တင်လှူ ပူဇော်ကြသည်။ ထို့နောက် မင်းပြားမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့မြောက်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဃောသိတ္တာရမ္မအမှူးပြုသည့် ပင့်သံဃာတော် ၁၅ ပါးတို့အား တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့နှင့် ပရိသတ်များက လှူဖွယ်ပစ္စည်းများဖြင့် သိမ်ဆင်း လောင်းလှူပူဇော်ကြသည်။

ဆက်လက်၍ ဘုရားရင်ပြင်ပေါ်ရှိ ဓမ္မာရုံ၌ ကြေးသွန်းဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ပွဲနှင့် သီလဝိသောဓနီ သိမ်တော်ကြီးအား ရေစက်သွန်းချလှူဒါန်းပွဲကို ကျင်းပရာ ရှေးဦးစွာ ပရိသတ်များက ဆရာတော်ဘဒ္ဒန္တ ဃောသိတ္တာရမ္မထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်ဇနီး၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျိန်းတောင်ဇိဝ်ဂါ ဓာတ်တော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အတွက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုတို့က ငွေကျပ် ငါးသိန်း၊ မင်းပြားမြို့နယ် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းနှင့် ဇနီးမိသားစုက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့ မြန်မာတီထွင်သူများ သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးစိုးတင့်အောင်က ငွေကျပ်နှစ်သိန်း အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၁၄၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရတနာဗိမာန်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကလေးသူငယ်များအတွက် ကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် ဒီဇင်ဘာ ၂၆

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် Mo Asia Company Limited တို့ ပူးပေါင်းမှုဖြင့် မိခင်နှင့်ကလေးများ ကျန်းမာရေးပညာပေး ဟောပြောပွဲကို နိုဝင်ဘာ၂၁ ရက် မွန်းလွဲ၂နာရီက မော်လမြိုင် အတ္ထရံ ဟိုတယ်ခန်းမတွင် ကျင်းပရာ **(ယာပုံ)** မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်နယ်ဆေးရုံအုပ်ကြီးနှင့် မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း အတွင်းရေးမှူး ဒေါက်တာဦးဌေးအောင်၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အမှုဆောင်များ၊ အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ပြီး ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဝင်းဝင်းမြ၊ Mo Asia Company Limited National Nutrition Manager ဒေါက်တာ မြူတီကြည်တို့ကငါးနှစ်အောက်ကလေးများတွင် ဖြစ်တတ်သော ဝက်သက်ရောဂါ၊ သွေးလွန်တုပ်ကွေး၊ ပါးချိတ်ရောင်ရောဂါများအကြောင်း ဟောပြောပြီး မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ Dumex မှ နို့မှုန့်ဘူးများ လှူဒါန်းသည်။ (၄၁၄)





### အမှာစကားပြောကြား

ရန်ကင်းမြို့နယ် မီးသတ်ဦးစီးဌာန၏အကြိုအခြေခံ မီးသတ်သင်တန်း (၁/၂၀၀၇) ဖွင့်ပွဲကို ဒီဇင်ဘာ ၇ရက်က ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစိုးဝင်း အဖွင့်အမှာစကားပြောကြားစဉ်။

(၃၅)



ပုသိမ်မြို့ သမိုင်းဝင် ကုသိနာရုံ ဗျာဒိတ်ပေးဘုရားကြီး၏ အကြိမ် (၁၁၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ (သတင်းစဉ်)



တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဇေယျာသုခလမ်းနေ ဦးတင်ထွင့်အောင်-ဒေါ်နုနုရီ၊ သား အောင်ဇံမောင်မိသားစုက ကြေးပိဋကတ်ဝိနယ၊ အဘိဓမ္မာ၊ သုတ္တန္တပိဋကဝင်ပါဠိတော် စုစုပေါင်း ကြေးပြားငါးချပ်တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လာရောက်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရိတနာမွောရုံ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ သာကေတမြို့နယ် အောင်စကြာ မိုးကုတ် ဝိပဿနာရိပ်သာ ပဓာနနာယက ပြည်တွင်း၊ပြည်ပ သာသနာပြုဆရာတော် ဘဒ္ဒန္တ စန္ဒာသီရိက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်လက်ခံယူစဉ်။(က-ပ)



## ဖြူး အမျိုးသားကျောင်း အာစရိယပူဇော်ပွဲ မြေစိုက်ပိုစတာဖွင့်ပွဲ ကျင်းပ

ဖြူး ဒီဇင်ဘာ ၂၆

ဖြူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (အမျိုးသားကျောင်း- ၁၉၂၀) ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲအတွက် လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၄ ရက် (အမျိုးသားနေ့) ညနေ ၅ နာရီက ထပ်တရာလမ်း စားသောက်ဆိုင်ရှေ့၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ပူဇော်ပွဲကျင်းပရေးကော်မတီနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ လှုံ့ဆော်ရေးနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးသက်စိန်က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ပူဇော်ပွဲကော်မတီဥက္ကဋ္ဌ ဦးအင်းရှောက်က စက်ခလုတ်နှိပ်၍ မြေစိုက်ပိုစတာကို ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)** ယင်းနောက် ကြွရောက်လာကြသော ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများက လှုံ့ဆော်ရေး မြေစိုက်ပိုစတာကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြကြောင်း သိရသည်။ (ပညာရေး)



## မိုးကုတ်ဝိပဿနာအခြေခံသင်တန်း

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း မိုးကုတ် ဝိပဿနာ အခြေခံ ပဋိစ္စသမုပ္ပါဒ် သင်တန်းကို ဆရာဦးသောင်းထိုက်က ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၆ရက်မှ ၁၆ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်း မျိုးမြန်မာဆေးတိုက်တွင် ၁၀ ရက်တိုင် အခြေခံ သင်တန်းများ ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၄၇၀၉၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

# မှုခင်း သတင်းများ

## ခရီးသည်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ ခရီးသည် ၁၃ဦး ပြင်းထန်စွာဒဏ်ရာရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီး ဗိုလ်ချုပ်လမ်းမှတ်တိုင်နှင့် စက်မှုဇုန်မှတ်တိုင်ကြားတွင် ယမန်နေ့ညနေ ၆နာရီ မိနစ် ၂၀ခန့်က ဘုရင့်နောင်တံတားဘက်မှ လှိုင်သာယာမြို့နယ်ဘက်သို့ သန်းထိုက်မောင်းနှင်လာသော အမှတ်(၃၂) ယာဉ်လိုင်းမှ ဖူဆိုအမျိုးအစားယာဉ်သည် ရှေ့ယာဉ်ကို ကျော်တက်စဉ် မျက်နှာချင်းဆိုင်ယာဉ်ကြောမှ မောင်းနှင်လာသော ယာဉ်လိုင်းအမှတ်(၁၅၉) မှ ဒိုင်နာအမျိုးအစားယာဉ်ကို တိုက်မိရာ ဒိုင်နာယာဉ်မှာ တုံးလုံးလဲသွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဒိုင်နာယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် အမျိုးသား ၁၁ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၃ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် အင်းစိန်ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ ယာဉ်မောင်းနှစ်ဦးစလုံးမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းမှ ကျောက်စိမ်းအရိုင်းခြမ်းနှစ်ခြမ်း ခိုးယူသူများကို အရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ထိန်းသိမ်းထားသည့် ကျောက်စိမ်းအရိုင်းတုံးများအား တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၄ရက်တွင် စစ်ဆေးခဲ့ရာ အလေးချိန် ၁ ဒသမ ၂ကီလိုနှင့် အလေးချိန် ၀ ဒသမ ၈ ကီလိုခန့်ရှိ ကျောက်စိမ်းအရိုင်းခြမ်းနှစ်ခြမ်း ပျောက်ဆုံးနေသဖြင့် ဝန်ထမ်းများနှင့် အလုပ်သမားများကို စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးဖော်ထုတ်ချက်အရ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အောင်မင်းထွန်း(လက်မှုကျွမ်းကျင်-၄)၊ အလုပ်သမားများဖြစ်ကြသည့် သက်လွင်ထွေး(ဘ)ဦးချစ်ဦး(ဒလမြို့နယ်)နှင့် တင်ဖြိုးအောင်(ဘ)ဦးမြဦး(ဒလမြို့နယ်)တို့ ပူးပေါင်းခိုးယူခဲ့ကြကြောင်း ပေါ်ပေါက်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မရမ်းကုန်းရဲစခန်းက ဒီဇင်ဘာ ၂၅ရက်တွင် (ပ)သတင်းချက် အမှတ်-၆၅၃/၂၀၀၇ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)အရ အမှုဖွင့်အရေးယူထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## ကားရပ်ပြီးဈေးဝယ်စဉ် ကားပေါ်၌ထားသည့်ငွေများပျောက်ဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

သဃ်န်းကျွန်းမြို့နယ် ဆယ်သိန်းရပ်ကွက် သုမင်္ဂလာအိမ်ရာ နဝရတ်လမ်းနေ ဒေါ်သင်းသင်းလှိုင်(၃၆)နှစ်(ဘ)ဦးခင်မောင်နိုင်သည် ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီ ၁၀မိနစ်ခန့်က ၎င်းပိုင် စူပါရှဖ်ဗင်အမျိုးအစားယာဉ်ဖြင့် ဇဝန Junction City Mart တွင် လာရောက်ဈေးဝယ်ခဲ့သည်။ ယာဉ်ပေါ်တွင် ငွေကျပ်သိန်း ၉၀ကို မြွေရေခွံအိတ်ဖြင့် ထုပ်ထားပြီး ကားတံခါးကို သော့ခတ်ထားခဲ့သည်။ ယင်းနောက် ဈေးဝယ်ပြီး နေအိမ်သို့ပြန်ခဲ့ရာ နေအိမ်သို့ ရောက်ချိန်တွင် ယာဉ်ပေါ်၌ပါသည့်ငွေများ ပျောက်ဆုံးနေသည်ကို သိရှိခဲ့ရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်သင်းသင်းလှိုင်က သဃ်န်းကျွန်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ ရဲစခန်းက (ပ)သတင်းချက် အမှတ် ၇၉၀/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်၌ WY စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်(၂၁)ရပ်ကွက် ထွန်းရွှေဝါလမ်း၌ မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ ဒီဇင်ဘာ ၂၄ရက် မွန်းလွဲ ၁နာရီ ၅မိနစ်ခန့်တွင် မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်မြင့်သိန်းပါ အဖွဲ့နှင့် ရွှေပေါက်ကံရဲစခန်းမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာတွင် နေအိမ်အတွင်း မြင့်ဦးအားတွေ့ရှိပြီး အိပ်ခန်းနံရံ၌ချိတ်ဆွဲထားသည့် အစိမ်းရောင်အစင်းကျားလွယ်အိတ်အတွင်း၌ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၀ပြားစီပါ ပလတ်စတစ်အိတ်ကိုးထုပ်၊ WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြား၊ အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားပါ ပလတ်စတစ်အိတ်တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၆၂ ပြား၊ အလေးချိန် ၄၆ ဒသမ ၂ ဂရမ်နှင့် အိပ်ခန်းအတွင်းတွင် မူးယစ်ဆေးဝါး ရောင်းချရာ၌ မှတ်သားထားသည့် မှတ်တမ်းစာအုပ်တစ်အုပ်၊ မူးယစ်ဆေးဝါး ရောင်းချရငွေ ကျပ် ၁၀သိန်း တို့ကို သိမ်းဆည်းရမိခဲ့သည်။ ယင်းနောက် ညနေ ၄နာရီ ၁၅မိနစ်ခန့်တွင် အဆိုပါနေအိမ်သို့ မြင့်ဦး၏ဇနီး မရှမ်းမ(ခ) မလှလှဝင်း(ခ) မစန္ဒာဝင်း ပြန်လာသဖြင့် ရှာဖွေခဲ့ရာ ၎င်းကိုင်လာသည့် ဟာမိုနီစာတန်းပါ စက္ကူလက်ဆွဲအိတ်အတွင်းမှ မူးယစ်ဆေးဝါးရောင်းချရငွေ ကျပ် ၃၈၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိပြီး စစ်မေးခဲ့ရာ လှိုင်သာယာမြို့နယ်နေ ကျော်ဆင့်ထံ ရောင်းချခဲ့သော မူးယစ်ဆေးဝါး ရောင်းရငွေများဖြစ်ကြောင်း၊ ၎င်း၏ခင်ပွန်း မြင့်ဦးမှာ WY စိတ်ကြွရူးသွပ်ဆေးပြားများ ဝယ်ယူသယ်ဆောင်ပေးသူဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြင့်ဦး ၃၀နှစ်(ဘ)ဦးသန်းဖေနှင့် မရှမ်းမ(ခ)မလှလှဝင်း(ခ) မစန္ဒာဝင်း(၃၃)နှစ်(ဘ)ဦးခွန်မောင်မောင်တို့နှစ်ဦးအား ရွှေပေါက်ကံ ရဲစခန်းမှ မယ(ပ)သတင်းချက် အမှတ် ၁/၂၀၀၇၊မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။ (သတင်းစဉ်)



၂၀၀၇ခုနှစ် ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၂) ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)ဗဟိုကော်မတီဝင်နှင့် မြို့နယ်မူးယစ် ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးထွန်းရင်က MANA အကြောင်း ဟောပြောစဉ်။ (၆၄)

## မဟာကျိန်သစ္စာရှင်ဘုရားကြီး အုတ်မြစ်စီမင်္ဂလာ ဖိတ်ကြားလွှာ

သံဃနာယကအဖွဲ့ အဆင့်ဆင့်တို့၏ ဩဝါဒကို အမြဲခံယူပြီး တော၊ တောင် အသီးသီးတို့၌ အဓိဋ္ဌာန်ဆောက်တည်နေသော ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မဟာဇေယျ သိဒ္ဓိအဓိဋ္ဌာန် ဆရာတော် ဘဒ္ဒန္တ ဦးကုလရက္ခိတ အရှင်သူမြတ်သည် ပြည်တွင်း၊ ပြည်ပ ဒါယကာ၊ ဒါယိကာမတို့ထံမှ လှူဒါန်းပူဇော်ထားကြသော နဝကမ္မ အလှူတော်ငွေများဖြင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ အမှတ် ၁၁၃၅/၃၊ သုနန္ဒာလမ်း၊ (၄)ရပ်ကွက်၌ အမြင့်ဉာဏ်တော်(၁၀၈)ပေရှိ မဟာကျိန်သစ္စာရှင်ရုပ်ပွားတော်မြတ်ကြီးတစ်ဆူတည်ထားပူဇော်ရန်အတွက် အုတ်မြစ်စီမင်္ဂလာပွဲတော်ကို ၁၃၆၉ခုနှစ်၊နတ်တော်လပြည့်ကျော်(၅)ရက်၊ ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက် (စနေနေ့) နံနက် ၈နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား နှိုးဆော်အပ်ပါသည်။

အဓိဋ္ဌာန်သာသနာပြုအဖွဲ့

ရန်ကုန်မြို့

# ကြေးမုံ The Mirror နိုင်ငံတကာထူးခြားဖြစ်စဉ် သတင်းများ

## ဆန်ဖရန်စစ္စကို တိရစ္ဆာန်ရုံတွင် ကျားကိုက်၍ တစ်ဦးသေပြီးနှစ်ဦးဒဏ်ရာရ

**ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၂၆**

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့ တိရစ္ဆာန်ရုံအတွင်း ဒီဇင်ဘာ ၂၅ရက်ညနေက ကျားတစ်ကောင် လွတ်ထွက်သွားရာ လူတစ်ဦးကျားကိုက်ခံရ၍ သေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိ သွားကြောင်း ဒေသခံမီဒီယာက ဖော်ပြသည်။

အစောပိုင်းသတင်းများအရ ကျားလေးကောင်လွတ်သွားသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း မဟုတ်မှန်ကြောင်း၊ ရဲတပ်ဖွဲ့က ကျားကို ပစ်သတ်ခဲ့ကြောင်း သတင်းတစ်ရပ်က ဖော်ပြသည်။

ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးရုံသို့ပို့လိုက်သည်။ ၎င်းတို့၏ဒဏ်ရာမှာ ပြင်းထန်သော်လည်း ယခုအခါ အခြေအနေမှာတည်ငြိမ်မှု ရှိသည်ဟု ဆိုသည်။ တိရစ္ဆာန်ရုံသို့ လာရောက်လည်ပတ်သူအများအပြားကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ယခုအဖြစ်အပျက်မတိုင်မီ တစ်နှစ်ကလည်း တာတီယားနားအမည်ရှိ ဆိုက်ဘေးရီးယားကျားသည် အစာလာရောက်ကျွေးသူ တိရစ္ဆာန်ရုံ ဝန်ထမ်း၏လက်ကို ကိုက်ခဲ့ဖူးသည်။ ယခုအဖြစ်အပျက်တွင် လူကိုကိုက်သတ်လိုက်သောကျားမှာလည်း အဆိုပါကျားပင်ဖြစ်ကြောင်း သိရသည်။

*အမ်အင်အေ၊ရိုက်တာ။*

ဆန်ဖရန်စစ္စကို တိရစ္ဆာန်ရုံမှ လူကိုကိုက်သည့်ကျားအား စက်တင်ဘာလတွင် တွေ့ရစဉ်။



## အင်ဒိုနီးရှားနိုင်ငံ ဂျာဗားတွင်မြေပြိုမှုဖြစ်ပွား ၆၁ဦးသေဆုံးပြီး ၃၆ဦးပျောက်ဆုံးနေ

**ဂျကာတာ ဒီဇင်ဘာ ၂၆**



အင်ဒိုနီးရှားနိုင်ငံ တဝမ်မန်ဂူအရပ်ရှိ မြေပြိုမှုဖြစ်ပွားရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်။

*ဓာတ်ပုံ-အင်တာနက်*

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ် အလယ်ပိုင်း ကရန်ဂန်ယာဒေသ တဝမ်မန်ဂူပြည်နယ်တွင် ဒီဇင်ဘာ ၂၆ရက်က မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံး ၆၁ဦး သေဆုံးပြီး ၃၆ဦး ပျောက်ဆုံးနေကြောင်း ကယ်ဆယ်ရေးအေဂျင်စီကပြောကြားသည်။

မြေပိ၍ နစ်မြုပ်သွားသော အဆောက်အအုံပျက်များ အောက်တွင်ရှိနေနိုင်သည့် ပျောက်ဆုံးနေသူများကို တပ်ဖွဲ့ဝင်များ၊ ရဲသားများနှင့် အမျိုးသားကယ်ဆယ်ရေးဌာနမှ အဖွဲ့သားများက ဝိုင်းဝန်းရှာဖွေလျက်ရှိကြောင်း ကယ်ဆယ်ရေးအရာရှိ အန်ဂစ်အမ်၊ အက်စ်က ပြောကြားသည်။

မြေပြိုသည့်နေရာမှာ တစ်နေရာတည်းမဟုတ်ဘဲ ရှစ်နေရာ၌ဖြစ်ကြောင်း၊ သစ်တောများ ပြုန်းတီးခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် မြေပြိုခြင်းဖြစ်ပွားကြောင်း ကယ်ဆယ်ရေးအရာရှိက ဆက်လက်ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ*

## နီပေါတွင် ကြိုးတံတားပြတ်ကျ၍ ၁၅ဦးသေ ၃၅ဦးဒဏ်ရာရပြီး ရာနှင့်ချီ၍ပျောက်ဆုံးနေ

**ခတ္တမန္ဒူ ဒီဇင်ဘာ ၂၆**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၏ အနောက်ပိုင်း မိုင် ၃၁၀အကွာရှိ ချန်ချူရွာရှိ မြစ်ကူးကြိုးတံတားတစ်စင်း ဒီဇင်ဘာ ၂၅ရက်က ပြတ်ကျရာ အနည်းဆုံး ၁၅ဦး သေဆုံးပြီး ၃၅ဦး ဒဏ်ရာရရှိသွားကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

တံတားပြတ်ကျရာ နေရာအနီးတွင် ပျောက်ဆုံးနေသူ ၁၀၀ခန့်ကို ရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်များက ရှာဖွေလျက်ရှိသည်။ ကျေးရွာဘုရားပွဲသို့သွားရန်လူ ၄၀၀ခန့်က ဘီရီမြစ်ကူးကြိုးတံတားပေါ်မှ ဖြတ်သန်းသွားစဉ် အလေးချိန်ကို မခံနိုင်၍ တံတားပြတ်ကျရခြင်းဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသတွင်းရှိ စစ်ဘက်နှင့် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ရာပေါင်းများစွာက အခင်းဖြစ်ပွားရာနေရာသို့ သွားခဲ့ကြသည်။ ညမှောင်နေစဉ် ကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့သော်လည်း ဗုဒ္ဓဟူးနေ့ နေ့ပိုင်းတွင် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြသည်။



အသက်ရှင်နေသူများကို မြစ်တစ်လျှောက်မှ ကယ်တင်နိုင်ရန် ရဟတ်ယာဉ်နှစ်စင်းဖြင့် ရှာဖွေနေကြပြီး လူနာများကိုလည်း သယ်ပို့ပေးခဲ့ကြောင်း သိရသည်။ သေဆုံးသူအများစုမှာ အမျိုးသမီးနှင့် ကလေးများဖြစ်သည်ဟု ဆိုသည်။

*အင်တာနက်*

**နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ အနောက်ပိုင်း ချန်ချူကျေးရွာတွင် မြစ်ကူးကြိုးတံတား ပြတ်ကျရာနေရာကို ဒီဇင်ဘာ ၂၆ရက်က တွေ့ရစဉ်။**

*အင်တာနက်*

## ဒိုက်ဦးဖောင်တော်သီ အထူးတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

နှစ်ဖက်မိဘများအား ရည်စူးအမှူးထား၍ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီဈေးပိုင်းရပ် ဘူတာလမ်းနေ ကိုဇော်မိုးခိုင်-မလှလှမြိုင် မိသားစုတို့က တတိယအကြိမ်မြောက် မိဘကျေးဇူးဆပ် အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ရက် (ဒီဇင်ဘာ ၃၀ရက်) တနင်္ဂနွေနေ့ ညတွင် ဖြူး ဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိကဗဟုဇနဟိတဓရ၊ သာသနဓဇ ဓမ္မာစရိယ) အရှင်မြတ်၊ ၃၁ ရက် ညတွင် ပဲခူးမြို့၊ ချမ်းမြေ့ရိပ်မြိုင် ဆရာတော် ဘဒ္ဒန္တ တေဇောသာရ (ဝိနယာဓိက၊ မဇ္ဈိမနိကာယဘာဏက) အရှင်မြတ်၊ ဇန်နဝါရီ ၁ရက် ညတွင် နိုင်ငံတော်ကိုးဘွဲ့ရအရှင် အာစာရလင်္ကာရ အရှင်မြတ်တို့က အထက်ပါနေအိမ် ဓမ္မသဘင်မဏ္ဍပ်၌ ညစဉ် ၇ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

## လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ပန်းဆိုးတန်းနေ
ဦးအောင်ဖေ-ဒေါ်ခင်ဝင်းလှိုင် (Crustrade Pte, Ltd. Singapore)
တို့၏သား
**မောင်ဝေအောင်**
Diploma in Multimedia Software Engineering, Singapore Polytechnic
B.A.(Hons) Multimedia Design, University of Huddersfield, UK
Lecturer, Digital Audio & Video Production
ITE College East, Singapore

နှင့်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်နေ
ဒုတိယဗိုလ်မှူးကြီး အောင်ဝင်းမြင့်(ငြိမ်း)-ပါမောက္ခ ဒေါက်တာဒေါ်စန်းစန်း (O.G)
တို့၏သမီး
**မဇင်နွယ်ဝင်း**
Diploma in Multimedia Technology, Singapore Polytechnic
B.A.(Hons) Graphic Communication
Loughborough University, UK
Multimedia Designer, The Upper Storey Pte Ltd, Singapore

တို့၏ ၂၃-၁၂-၂၀၀၇ ရက်တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ် မြက်ခင်းပြင်၌ ကျင်းပသော လက်ထပ်မင်္ဂလာ ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအား လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ဝေအောင်-မဇင်နွယ်ဝင်း**

## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

**၂၀၀၆-၂၀၀၇ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်**
**ကျောင်းတက်မှန်ဆုရ ငါးဘာသာဂုဏ်ထူးရှင်**

### မောင်ရဲထက်အောင်

ရန်ကုန်ပညာရေးတက္ကသိုလ်၊ လေ့ကျင့်ရေးအထက်တန်းကျောင်း (Grade ll-B)မှ မောင်ရဲထက်အောင်သည် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ခြင်းအတွက်လည်းကောင်း၊ ကျောင်းတက်မှန်ဆု ရရှိခဲ့ခြင်းအတွက်လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ ဂုဏ်ယူမိပါသည်။ ယခုဆက်လက် တက်ရောက်ပညာသင်ကြားမည့် ဆေးတက္ကသိုလ်တွင်လည်း ထူးချွန်စွာ ကြိုးစားနိုင်ပါစေဟုလည်းကောင်း၊ နောင်တွင်လည်း ဆက်လက်၍ အောင်မြင်မှုပန်းတိုင်များကို လှျောက်လှမ်းနိုင်ပြီး နိုင်ငံတော်အကျိုးပြု သားကောင်းရတနာလေးဖြစ်ပါစေဟုလည်းကောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဦးဦး** – **ဦးလောလူ(ခ)ဦးလှမိုး**
**အန်တီ** – **ဒေါ်စိုးသန္တာဝင်း(ခ)နန်းပွင့်ဖြူ**
**လရောင်ကျောက်မျက်ကုမ္ပဏီလီမိတက်၊**
**လောလုကျောက်မျက်ကုမ္ပဏီလီမိတက်၊**
**လရောင်သစ်အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်၊**
**No.7၊ ဘုရင့်နောင်လမ်း ၃ ရပ်ကွက်၊ လှိုင်**

## လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အမှတ်(၁၈)၊ ဂန္ဓမာလမ်း၊ မရမ်းကုန်းမြို့နယ်နေ
ဦးခင်မောင်စီ-ဒေါ်မြကျင်တို့၏ သားကြီး
**မောင်ဇော်မျိုးလွင်**
Diploma in Electronic, Computer & Communication Engineering
Nanyang Polytechnic, Singapore
B.Eng (Electrical) (Final Year) University of Newcastle, Australia

နှင့်

ရန်ကုန်မြို့၊ အမှတ်(၈၆/ဘီ-၂)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်နေ
(ဦးကွန်းဇော်၊ ရေကြောင်းအရာရှိချုပ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်သန်းသန်းသစ်တို့၏
သမီးကြီး
**မဝါဝါမျိုးဇော်**
Diploma in Manufacturing Engineering Nanyang Polytechnic, Singapore
B.Eng (Mechanical) (Final Year) University of Newcastle, Australia

တို့၏ ၂၄-၁၂-၂၀၀၇ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ဒဂုံခန်းမ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးသက်ထွန်းနှင့် ဇနီး အကယ်ဒမီဒေါ်တင်တင်နွဲ့၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ဒေါက်တာညီညီနှင့် ဦးကြည်စိုး၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၄-၁၂-၂၀၀၇ ရက်တွင် မေတ္တာညွန့် ကံဆယ်ကမ္ဘဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၅-၁၂-၂၀၀၇ ရက်တွင် ရန်ကုန်မြို့ Sedona Hotel (Grand Ball Room)၌ ကျင်းပသော မင်္ဂလာဧည့်ခံ ပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော ဦးမောင်မောင်ငြိမ်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ဦးကြည်စိုး၊ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း) နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် Video ရိုက်ကူးပေးသော ဝဏ္ဏခွာနီနှင့်အဖွဲ့၊ မိတ်ကပ်အလှပြင်ဆင်ပေးသော စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ခင်စန်းဝင်း၊ ပန်းအလှပြင်ဆင်ပေးသော လင်းလင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် စိန်လက်ဝတ်ရတနာများဆင်မြန်းပေးသော ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝေဝေ(Diamond Land)၊ မေတ္တာဖြင့် ပုလဲရတနာများ ဆင်မြန်းပေးသော ဒေါက်တာယုနွယ်ဝင်း(ပွင့်ဖြူ)၊ မင်္ဂလာပန်းကြဲပေးသော မစုမြတ်ရည်၊ စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဇုန်း ကိုင်ဆောင်ပေးသော မဆုဇာဝေနှင်းနှင့် မခင်ဇာနှင်းတို့အားလည်းကောင်း၊ သတို့သားအရံ မောင်ကျော်ဇောထွန်းနှင့် မောင်ဇော်မြင့်ထွန်း၊ သတို့သမီးအရံ မခိုင်မွန်ချိုနှင့် မဖြူဝင်းလွင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ အရာရှိများနှင့် ဝန်ထမ်းများ၊ Sedona Hotel မှ ဝန်ထမ်းများနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဇော်မျိုးလွင်-မဝါဝါမျိုးဇော်**

## ဥတုရာသီ ဟောကိန်း

## မလေးရှားနိုင်ငံတွင် သွားရောက် အလုပ်လုပ်လိုသောသူများသိစေရန်

၁။ ရွှေအင်းဝ ဝန်ဆောင်မှု အေဂျင်စီကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်လိုသော မြန်မာနိုင်ငံသားများအား ကုန်ကျစရိတ်အနည်းဆုံးဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်လိုသောသူများအတွက် အောက်ဖော်ပြပါလုပ်ငန်းများအတွက် လုပ်သားများလိုအပ်လျက်ရှိပါသည်-

(က) D K LEATHER SEATS SDN BHD
လိုအပ်ဦးရေ – ၈၀ ဦး
(ခ) K-1 ဟန်းဖုန်းစက်ရုံ
လိုအပ်ဦးရေ – ၂၅၀ ဦး
(ဂ) စားသောက်ဆိုင်
လိုအပ်ဦးရေ – ၅၀ ဦး
(ဃ) ရရှိမည့်လစာ – တစ်လလျှင်အနည်းဆုံး RM ၇၅၀နှင့်အထက်
(င) အသက် – ၁၈နှစ်မှ၄၀နှစ်အတွင်း

၂။ USD ၃၅၀ နှင့် ညီမျှသော မြန်မာငွေ (လေယာဉ်ခအပါ) ကို ကုမ္ပဏီတွင် လက်ငင်းပေးချေပြီး ကျန်ငွေကို အကြွေးစနစ်ဖြင့် အရစ်ကျပေးသွင်းရမည်။
၃။ လူတွေ့စစ်မေးခြင်းကို ၈-၁-၂၀၀၈ရက်နေ့တွင်ပြုလုပ်မည်။
၄။ အသေးစိတ်သိလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-

**အမှတ် -၈/ဘီ၊ ၈မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်**
**ဖုန်း-၆၆၃၇၁၆၊ ၆၆၄၉၁၄၊ ၆၅၃၃၉၀**
E-mail :siwa@mptmail. net.mm,siwa @myanmar.com.mm
Web: www.shweinnwamanpower.com

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုတင်ထွဋ် နိုင်ငံခြားသင်္ဘောသား လက်မှတ် အမှတ်-၅၀၃၇၉၏ Allotment Order မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ **အမှတ်(၂၄၀/က)၊ မဟာဗန္ဓုလလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့**

### ကျေးဇူးဆပ်ပါမည်

ကျွန်မ သန်းသန်းရီ၏ PP-682923 သည် ၂၆-၁၂-၂၀၀၇တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၂၅၆၃၂၀၊ ၀၉၅-၁၁ ၈၈၅၄**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်သန်းပိုင်ဆိုင်သော ယာဉ်အမှတ်-၃က/၇၅၉၁ ၏ အခွန်ပုံစံ (၁) အစိမ်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၅၁၈၈၀၄၄**

### "ဒေါ်မို့မို့ [နိုင်ငံသားအမှတ်-[၁၂/ပဘတ(နိုင်)၀၁၁၉၆၉] နှင့် ဒေါ်ပို့ပို့(ခ)ဒေါ်စိမ်းယုသွယ် [နိုင်ငံသားအမှတ်-[၁၂/ဗဟန(နိုင်)၀၀၉၂၉၀]ပါ အမွေဆိုင်(၇)ဦးနှင့် အများသိစေရန် ကြေညာချက်"

ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဦးရည်မွန်လမင်း(ခ)ဖိုးလမင်း၊ နိုင်ငံသားအမှတ်-[၁၂/ရကန(နိုင်၀၆၄၀၃၂] (ဘ)ဦးခင်ဇော်၊ အမှတ်-၁၃၄၉၊ ၃၄ ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-၁၅၈၊ မြေညီထပ်၊ (ယခင်တိုးနိုင်တေးသံသွင်း)တိုက်ခန်း (ယခု ဒေါ်မို့မို့ မိသားစုလက်ရှိ နေထိုင်သည်)မှာ ကျွန်ုပ်တို့၏ မိတ်ဆွေကြီးနှင့် လူကြီးမင်းတို့နှစ်ဦး အပါအဝင် စုစုပေါင်း အမွေဆိုင်(၈)ဦး၏ အမွေဆိုင် တိုက်ခန်းဖြစ်ပါသည်။ လူကြီးမင်းတို့နှစ်ဦး အပါအဝင် အမွေဆိုင် (၇)ဦးနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေကြီးတို့ ချုပ်ဆိုခဲ့သော (၉-၃-၂၀၀၄)ရက်စွဲပါ အမွေဆိုင်အချင်းချင်း သဘောတူပြေငြိမ်းစာချုပ်သည် လူကြီးမင်းတို့နှင့်အတူ အမွေဆိုင် မြေနှင့်အိမ်အား အမြန်ဆုံးခွဲဝေရောင်းချမည်ဖြစ်ကြောင်း သဘောတူညီချက်အပေါ် ကျွန်ုပ်၏ မိတ်ဆွေကြီးက ယုံကြည်သဖြင့် လက်မှတ်ရေးထိုးခဲ့ရခြင်းသာဖြစ်ပါသည်။ လူကြီးမင်းတို့ အပါအဝင် အမွေဆိုင်(၇)ဦးက ကျွန်ုပ်တို့၏ မိတ်ဆွေကြီးယုံကြည်အောင် ပြောဆိုပြီးမှ ကတိပြုသည့်အတိုင်း ဆောင်ရွက်ပေးရန် နှောင့်နှေးကြန့်ကြာခဲ့ရသည့်အတွက် (၉-၄-၂၀၀၄)ရက်စွဲပါ စာချုပ်သည် မဟုတ်မမှန်သည်ကို ယုံကြည်သဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေကြီးက လက်မှတ်ရေးထိုးခဲ့ရသည့် စာချုပ်အဖြစ် ပျက်ပြယ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပန်းဘဲတန်းမြို့နယ်၊ အမှတ်-၁၅၈၊ မြေညီထပ် (ယခင်တိုးနိုင်တေးသံသွင်း) (ယခုဂရိတ် အီလက်ထရောနစ်ပစ္စည်း အရောင်းဆိုင်အား အငှားချထားပါသည်။) အမွေဆိုင်တိုက်ခန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဦးရည်မွန်လမင်း (ခ)ဖိုးလမင်း၏ သဘောတူညီချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ကျန်အမွေဆိုင်အချင်းချင်းခွဲဝေခြင်း စသည်တို့ကို မပြုလုပ်ရန်နှင့် ကျွန်ုပ်တို့၏ မိတ်ဆွေကြီးက အဆိုပါအမွေဆိုင်တိုက်ခန်းအား ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ရုံးရုံးတွင် တရားစွဲတောင်းဆိုတော့မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ တားမြစ်ချက်ကို လိုက်နာရန်ပျက်ကွက်ပါက ပေါ်ပေါက်လာသော ဥပဒေပါတာဝန်နှင့် တရားစရိတ်အရပ်ရပ်သည် လူကြီးမင်းတို့နှစ်ဦး အပါအဝင် အမွေဆိုင်(၇)ဦး၏ တာဝန်သာကျရောက်လိမ့်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**ဦးရည်မွန်လမင်း(ခ)ဖိုးလမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ရွှေစင်ထွန်း** | **ဒေါ်တင်နီလာအောင်** |
| **(စဉ်-၂၆၃၃၃)** | **(စဉ်-၂၅၉၃၀)** |
| **LL.B., D.B.L** | **LL.B., D.B.L** |

**အထက်တန်းရှေ့နေများ**
**အမှတ်-၆၀/၇၀၊ အခန်း-၃၀၅၊ ၄၀ါလမ်း၊**
**စောရန်ပိုင် တောင်ရပ်ကွက်**
**အလုံမြို့နယ်၊ ဖုန်း-၇၂၃၉၃၃**

## အကောက်ခွန်လုပ်ငန်းဝန်ဆောင်သူများအသင်းအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကိုဒီဇင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီအစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင် အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ယာဉ်မောင်းသူများလိုက်နာရန်

ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်ငယ်များတွင် တပ်ဆင်ထားသော ခါးပတ်များကို ယာဉ်မောင်းနှင့်အတူ စီးနင်းသူများပါ ခါးပတ်များ ပတ်ထားကြပါရန် နှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား





အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ခပေါင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ခပေါင်းရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး သဘာဝအလှအပနှင့် သစ်တောသစ်ပင် ကာကွယ်စောင့်ရှောက်ရေး မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၆

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟုတ်ကြည်တို့လိုက်ပါ၍ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း တောင်ငူမြို့နယ်၏ အနောက်ဘက် ၁၂မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ခပေါင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ဝန်ကြီးအား စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် စက်မှုနှင့်လျှပ်စစ်တပ်ဆင်ရေး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းတို့က လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံအတွင်း စက်ပစ္စည်းများတပ်ဆင်နေမှု၊ စက်ပစ္စည်းများရောက်ရှိမှု၊ ဗို့ (၄၀၀) ဓာတ်အားစစ်ဆေးခန်း၊ ဗို့(၁၁၀၀၀) ဓာတ်အားထိန်းချုပ်ခန်း၊ ဓာတ်အားပို့လွှတ်မည့် မြေအောက် Cable ကြိုးများတပ်ဆင်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် Switchyard တည်ဆောက်ပြီးစီးမှုနှင့် ကြွေသီးများတပ်ဆင်ပြီးစီးမှုအခြေအနေ၊ ဖိအားမြှင့်သံမဏိပိုက်လိုင်း ကွန်ကရစ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်မှု၊ စက်ရုံရေထုတ်မြောင်းနှင့် ခပေါင်းချောင်းတူးဖော်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် **စာမျက်နှာ ၈ ကော်လံ ၆ သို့ ❖**

### ထူးခြားသည့် ညအပူချိန်များ

(၂၆-၁၂-၂၀၀၇)

| | |
|---|---|
| ဟားခါး | (၁)ဒီဂရီ စင်တီဂရိတ် |
| နမ့်စန်နှင့်ပင်လောင်း | (၂)ဒီဂရီ စင်တီဂရိတ် |
| ဟဲဟိုး | (၃)ဒီဂရီ စင်တီဂရိတ် |
| မိုးကုတ် | (၅)ဒီဂရီ စင်တီဂရိတ် |

### ယနေ့သတင်းအညွှန်း


သောကြာနေ့ ရုံတင်ရုပ်ရှင်သတင်း ➲ စာမျက်နှာ -၅

မူဆယ်(၁၀၅)မိုင်မှ ဈေးကွက်ဝင် မြန်မာ့ဖရဲနှင့် သခွားမွှေး ➲ စာမျက်နှာ -၈

ကမ္ဘာတစ်လွှား ထူးခြားဖြစ်စဉ် သတင်းများ ➲ စာမျက်နှာ -၁၁


★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား